စိတ်ကူးချိုချိုအနုပညာ

mgyoe.com

နိုဘယ်စာပေဆုရ
ဂျွန်စတိန်းဘက်နှင့်
အဲလ်ဘတ်ကမူးတို့၏ဝတ္ထုများအပါအဝင်

# ပြေးနှင့် ဂန္ထဝင်မြောက် ဝတ္ထုတိုများ

# FLIGHT and Other Classical Short Stories

မောင်ထွန်းသူ
မြန်မာပြန်

mgyoe.com

ဒုတိယအကြိမ်

mgyoe.com

# ပြေးနှင့် ဂန္ထဝင်မြောက် ဝတ္ထုတိုများ

FLIGHT and
Other Classical Short Stories

**မောင်ထွန်းသူ**
မြန်မာပြန်

ISBN 9789997112637
TUN48
9 789997 112637
2,300.00KS

mgyoe.com

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၇၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
အပြင်အဆင် - အမ်အက်စ်အို
၂၀၁၅၊ ဇန်နဝါရီလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၂၃၀၀ ကျပ်

မြေးနှင့်ဂန္ဓဝင်မြောက်ဝတ္ထုတိုများ
မောင်ထွန်းသူ - နေ့ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ဒုတိယအကြိမ်၊ ၂၀၁၅၊
စာမျက်နှာ ၁၇၅ မျက်နှာ၊ ၁၃ စင်တီ × ၂၀.၅ စင်တီ
(၁) မြေးနှင့်ဂန္ဓဝင်မြောက်ဝတ္ထုတိုများ

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ပြေး
နှင့်
ဂန္ထဝင်ပြောက်ကြားဝတ္ထုတိုများ

# FLIGHT and Other Classical Short Stories

မောင်ထွန်းသူ
မြန်မာပြန်

ဒုတိယအကြိမ်

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


– မြန်မာပြန်သူ၏အမှာ ... က

၁။ ပြေး ... ၃

၂။ ညည့်သည် ... ၄၂

၃။ ဖြောင့်ချက် ... ၇၁

၄။ မှန်ကင်းတစ်လှည့် ထင်းတစ်လှည့် ... ၉၁

၅။ ရှိဆာ ... ၁၀၅

၆။ သူ့ရဲကောင်း ... ၁၂၁

၇။ သနားစရာ ငါးသတ္တဝါ ... ၁၃၆

၈။ နှင်းမုန်တိုင်း ... ၁၅၄


❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မြန်မာပြန်သူ၏ အမှာ

(၁)

'ပြေးနှင့် အခြားဝတ္ထုတိုများ'ဟု အမည်ပေးထားသည့် ဤစာအုပ်တွင် မြန်မာပြန်ဝတ္ထုတိုရှစ်ပုဒ် ပါရှိသည်။ ယင်းရှစ်ပုဒ်အနက် အချို့မှာ မဂ္ဂဇင်းများတွင် ပါခဲ့ပြီးဖြစ်၍ အချို့မှာ မဂ္ဂဇင်းတွင် ဖော်ပြရန် တောင်းယူသွားခဲ့ပြီးမှ မဂ္ဂဇင်း ရပ်သွား၍ ဖော်ပြခြင်း မခံရတော့ဘဲ စာမူဘဝဖြင့် ပျောက်ဆုံးကုန်သည့် ဝတ္ထုတိုများဖြစ်သည်။

စာရေးသူတစ်ယောက်အနေဖြင့် ကိုယ်စိတ်တိုင်းကျ ရွေးချယ်ပြန်ဆိုထားသည့် စာမူများ ပျောက်ဆုံးကုန်သည့်အခါ..... အလွန်နှမြော တသသောစိတ်ဖြစ်ရပါသည်။ ထို့ကြောင့်လည်း မအားမလပ် ဖြစ်နေသည့်ကြားမှပင် အချိန်မရ အရယူ၍ ယင်းဝတ္ထုတိုများကို ဒုတိယအကြိမ် ထပ်မံပြန်ဆိုပြီး သိမ်းထားခဲ့သည်။ ယင်း အပင်ပန်းခံမှုသည် အချည်းနှီးမဖြစ်ဟု ဆိုနိုင်စရာ ရှိလာပါသည်။ အဘယ်ကြောင့်ဟူမူ အခုလိုမြန်မာပြည် နိုင်ငံရပ်ခြားဝတ္ထုတိုများ စုစည်းထုတ်ဝေရန် စိတ်ထက်သန်သူ တစ်ဦးတလေနှင့်ဆုံမိ၍ စာအုပ်တစ်အုပ် ဖြစ်လာသည့်အခါ စာရေးသူသည် များစွာမှပင်...... ဝမ်းသာကြည်

mgyoe.com

mgyoe.com



နူးခြင်း ဖြစ်ရသည် မဟုတ်ပါလား။

*

(၂)

ဤစာအုပ်တွင်ပါရှိသည့် ဝတ္ထုတို ရှစ်ပုဒ်သည် အမေရိကန်၊ ပြင်သစ်၊ ရုရှား၊ အီတလီ၊ ဘူလ်ဂေးရီးယား၊ ဘရာဇီး၊ တောင်အမေရိက (ကော်စတာရီကာ)နှင့် ယစ်ဒစ်ရှိ ဝတ္ထုတိုများ ဖြစ်သည်။ နိုင်ငံပေါင်းစုံမှ ဝတ္ထုတိုများဖြစ်သဖြင့် လူမျိုးပေါင်းစုံ၏အကျင့်စရိုက်နှင့် အတွေးအခေါ်၊ အယူအဆ၊ စိတ်နေသဘောထားများကို ရိပ်စားနားလည်နိုင်သည့် ဝတ္ထုများ ဖြစ်ပါသည်။

ထို့ပြင်လည်း အမျိုးမျိုးသောအကြောင်းအရာများကို အမျိုးမျိုးသောဇာတ်ကောင်များနှင့်ရေးဖွဲ့ထားခြင်းဖြစ်၍ ရသပေါင်းစုံကိုလည်း ရယူခံစားနိုင်ဖွယ်ရာ ရှိပါသည်။ ထို့ပြင်လည်း နိုင်ငံရပ်ခြား စာရေးဆရာများ၏ တွေးနည်း၊ တွေးဟန်များနှင့် ရေးနည်း၊ ရေးဟန်များကိုပါ လေ့လာနိုင်ဖွယ်ရာ ရှိပါသည်။ ထို့ကြောင့်လည်း ဤဝတ္ထုတိုများသည် စာဖတ်သူများအတွက် တစ်နည်းမဟုတ် တစ်နည်းဖြင့် တစ်စုံတစ်ခုသော အတိုင်းအတာ အကျိုးဖြစ်ထွန်းဖွယ်ရာရှိသည်ဟု ယုံကြည်မိပါသည်။

*

(၃)

အမှန်တော့ ယခုအချိန်သည် ဝတ္ထုတိုများကို (ပင်ကိုရေး ဖြစ်စေ၊ ဘာသာပြန်ဖြစ်စေ) စုစည်းထုတ်ဝေလိုသူ နည်းပါးနေသောအချိန် ဖြစ်သည်။ အထူးသဖြင့် မဂ္ဂဇင်းများ၌ ပါရှိခဲ့ပြီးဖြစ်သော ဘာသာပြန်ဝတ္ထုတိုများကို ထုတ်ဝေလိုသူ မရှိသလောက် ရှားပါးနေချိန်ဖြစ်သည်။ ဤအချိန်မျိုးတွင် အောင်ပန်းဝေစာပေသည် ဘာသာပြန်ဝတ္ထုတိုများကို စုစည်း၍ စာအုပ်တစ်အုပ်ဖြစ်လာအောင် ကြိုးပမ်းလိုက်ခြင်း ဖြစ်သည်။ 'စွန့်စားမှုတစ်ရပ်'ကို ပြုခြင်းဖြစ်သည်ဟု ထင်ပါသည်။ ယင်းစွန့်စားမှုအတွက် အကျိုးဖြစ်ထွန်းပါစေဟု ကျွန်တော်ဆုတောင်းပါသည်။

မောင်ထွန်းသူ

mgyoe.com

mgyoe.com

## ဂျွန်စတိန်းဘက်
## (၁၉၀၂ - ၁၉၆၈)

ဤဝတ္ထုသည် အမေရိကန် စာရေးဆရာကြီး ဂျွန်စတိန်းဘက်၏လက်ရာဖြစ်သည်။ ဂျွန်စတိန်းဘက်ကို ၁၉၀၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် ကယ်လီဖိုးနီးယားပြည်နယ်၊ ဆလိုင်းနတ်စ်မြို့၌ မွေးဖွားသည်။ ဂျာမန်ဖခင်နှင့် အိုင်းရစ်မိခင်တို့မှ ပေါက်ဖွားလာသော ဂျာမန်အိုင်းရစ် သွေးပါသည့် အမေရိကန်တစ်ဦး ဖြစ်၏။

စတိန်းဘက်သည် ခြံစောင့်၊ အကူဆေးသုတ်သမား၊ ဆေးစပ်သမား၊ မြေတိုင်းစာရေး၊ သစ်သီးဆွတ် အလုပ်သမား စသည်ဖြင့် ဘဝမျိုးစုံအောင် အလုပ်လုပ်ခဲ့ရသူဖြစ်သည်။ သူ့ဘဝသည် အမြဲတစေ ဆင်းရဲခြင်းနှင့် နပန်းလုံးကာ အပြင်းအထန် ရုန်းကန်လှုပ်ရှားခဲ့ရသော ဘဝဖြစ်၏။ သို့သော်လည်း သူသည် အနိုင်မခံ အရှုံးမပေးသောစိတ်ဓာတ်ဖြင့် စာရေးဆရာဘဝရောက်အောင် ကြိုးပမ်းအားထုတ်ခဲ့သည်။ ၁၉၆၂ ခုနှစ်

mgyoe.com

mgyoe.com


စာပေနိုဘယ်ဆု ချီးမြှင့်ခံရသည်အထိ အောင်မြင်သော ကမ္ဘာကျော် စာရေးဆရာဘဝသို့ ရောက်ခဲ့သည်။

စတိန်းဘက်သည် မြန်မာစာဖတ်ပရိသတ်နှင့် စိမ်းသည့် စာရေးဆရာ မဟုတ်ပါ။ သူ၏ ပုလဲ (Pearl)၊ အပယ်ခံသား (East of Eden)၊ ဒေါသမာန် (The Grapes of Wrach)၊ တို့ဘဝ တို့ကမ္ဘာ (Tortila Flat)၊ တို့ပိုင်တဲ့ မြေ (Of Mice and Man) အစရှိသော ဝတ္ထုကြီးများကို မြန်မာဘာသာသို့ ပြန်ဆိုပြီးခဲ့ပြီ။

ယခု ဤဝတ္ထု 'ပြေး'သည် စတိန်းဘက်၏ ထင်ရှားကျော်ကြားသည့် ဝတ္ထုတိုတစ်ပုဒ်ဖြစ်၏။ ရုပ်မြင်သံကြားဇာတ်လမ်းအဖြစ် ထုတ်လွှင့်ခဲ့သည့် အခါတွင်လည်း ကမ္ဘာ့ပရိသတ် နှစ်သက်စွဲလမ်းခဲ့သည်။ မိမိကိုယ်မိမိ ကျော်ကြားအောင်၊ လူသိများအောင်လုပ်ခြင်းကို စက်ဆုပ်သော၊ နိုင်ငံရေးနှင့် စီးပွားရေးတွင် ဝါဒစွဲကင်းသော၊ တစ်ယူသန်ဝါဒနှင့် တစ်ယူသန်အလုပ်များကိုဆန့်ကျင်သော၊ မတော်လောဘဖြင့် အခွင့်ထူးခံနေသည့် လူများအား စက်ဆုပ်သော 'ကျုပ်ဟာ...... ချွတ်ယွင်းချက်မရှိအောင် တော်တဲ့ စာရေးဆရာတစ်ယောက် မဟုတ်ပါဘူးဗျာ'ဟု ပြောခဲ့သော ဂျွန်စတိန်းဘက်သည် ၁၉၆၈ ခုနှစ်တွင် ကွယ်လွန်ခဲ့လေသည်။

❑

mgyoe.com

mgyoe.com

# ပြေး

တော်ရီးစ် မိသားစုပိုင် ယာတောသည် မွန်ထရေးမြို့၏ အောက်ဘက် ဆယ့်ငါးမိုင်ခန့်အကွာ ပင်လယ်ကမ်းခြေဘက်၌တည်ရှိသည်။ ခပ်ပြေပြေနိမ့်ဆင်းသွားသော တောင်စောင်းဆင်ခြေလျှောပေါ်၌ တည်ရှိခြင်းဖြစ်၍ ဧက အနည်းငယ်မျှသာ ကျယ်ဝန်းသည်။ သို့သော်လည်း ယာတောသည် တောင်စောင်းမှသည် လှိုင်းလုံးဖြူဖြူဖွေးဖွေးများတည်ရာ ပင်လယ်ကမ်းစပ်အထိ ရောက်သည်။ ယာတော၏ နောက်ဘက်တွင် ကျောက်တုံးကျောက်ခဲများဖြင့် ပြည့်နေသည့် တောင်တန်းကြီးများသည် မားမားမတ်မတ်ရပ်လျက်ရှိသည်။

ယာတော အဆောက်အအုံများသည် တောင်စောင်းဆင်ခြေလျှောပေါ်တွင် အစုလိုက်အပြုံလိုက် တည်ရှိနေကြသည်။ အားလုံးသည် ဇော့ယမ်းတိုက်ခိုက်နေသော လေနောက်သို့ လိုက်ပါသွားပြီး ပင်လယ်ပြင်ထဲသို့ သက်ဆင်းသွားကြတော့မည့်နှယ်ရှိမည်။ သစ်သားတဲငယ်နှင့် ဖရိုဖရဲ ပြိုလဲတော့မည့်နှယ်ဖြစ်နေသော ကျီသည် စွတ်စိုထိုင်းမှိုင်းပြီး၊ ဆားဓာတ်ပါသော လေဒဏ်ကို အမြဲတစေခံထားရသဖြင့် ညိုမွဲမွဲ အရောင်အဆင်းကို ဆောင်လျက်

mgyoe.com

mgyoe.com

ရှိသည်။

ယာမြေပေါ်တွင် မြင်းနှစ်ကောင်၊ နွားနီမကြီး တစ်ကောင်နှင့် နွားနီပေါက်စလေး တစ်ကောင်၊ ဝက်ခြောက်ကောင်နှင့် အဆီအသားမရှိသော ကြံ့လိုလိုကြက်ရောင်စုံ တစ်အုပ်တို့ရှိသည်။ တောင်စောင်း တစ်နေရာတွင် ဂျုံခင်း တစ်ခင်းရှိသည်။ မြေဆီမြေနှစ်ဟူ၍ လုံးဝမရှိသော မြေပေါ်၌ စိုက်ပျိုးထားခြင်းဖြစ်၍ ဂျုံပင်များသည် ဖွံ့ဖြိုးသန်စွမ်းခြင်းမရှိ။

အမေ တော်ရီးစ်သည် ပိန်ပိန်ပါးပါး၊ အသားအရေခြောက်ခန်းခန်း၊ အလွန်ရှေးဆန်သည့် ဟန်အမူအရာမျိုးရှိသည်။ ယာတောကို သူဦးစီးလာခဲ့သည်မှာ ဆယ်နှစ်နီးပါးရှိခဲ့ပြီ၊ သူ့ယောကျ်ား ကွယ်လွန်ကတည်းက ယာတောကို သူ ဦးစီးလာခဲ့ရခြင်းဖြစ်၏။ သူ့ယောကျ်ားသည် တစ်ရက်တွင် ထုံးစံအတိုင်း ယာမြေသို့ အလုပ်ဆင်းသည်။ အမှတ်တမဲ့ကျောက်ခဲတစ်လုံးကို နင်းမိပြီ ချော်လဲသည်။

ရက်တဲ့စနိတ်ခေါ် မြွေဆိုးတစ်ကောင်ပေါ် မှောက်လျက်လဲခြင်းဖြစ်၍ ရင်ဘတ်တွင် မြွေအကိုက်ခံရသည်။ အလွန်အဆိပ်ပြင်းသော မြွေမျိုးအကိုက်ခံရခြင်းဖြစ်၍ ဘာမှလုပ်၍မရ။

အမေ တော်ရီးစ်တွင် သားသမီးသုံးယောက်ကျန်ခဲ့သည်။ အငယ်နှစ်ယောက်ဖြစ်သော အေမဲယိုးနှင့် ရိုစီတို့သည် တစ်ယောက်က အသက်ဆယ့်နှစ်နှစ်၊ တစ်ယောက်က အသက် ဆယ့်လေးနှစ်......နှစ်ယောက်စလုံး အသက်အရွယ်နှင့်မလိုက်အောင် ကြံ့လိုသေးကွေးကြသည်။

အမေ တော်ရီးစ်သည် ကျောင်းပြေးကလေးသူငယ်များ ထိန်းသိမ်းရေးအရာရှိ ယာတောဘက်သို့မလာသည့်ရက်များနှင့် လှိုင်းလေမထန်သည့်ရက်များတွင် ဤကလေးနှစ်ယောက်အား ယာတော အောက်ဘက်ရှိ ကျောက်ဆောင်များဆီသို့ လွှတ်၍ ငါးမျှားခိုင်းလေ့ရှိသည်။

အကြီးဆုံးသား မက်ပီသည် အသက်ဆယ့်ကိုးနှစ်၊ အရပ်မြင့်မြင့် အမြဲပြုံးရွှင်နေသော မျက်နှာထားရှိသည်။ နူးညံ့သိမ်မွေ့သဖြင့် ချစ်စရာကောင်းသော်လည်း၊ အလွန်အပျင်းထူသည်။ မက်ပီသည် ခေါင်းရှည်ရှည်၊ ထိပ်ချွန်ချွန် ကြမ်းတမ်းထူထဲသော အနက်ရောင် ဆံပင်များသည် ဘေးနှစ်ဖက်နှင့် နောက်တွင် ဖားလျားကျလျက်ရှိသည်။ ရှေ့ဘက်သို့ ကျနေသော

mgyoe.com

mgyoe.com

ဆံပင်များကို အမေ တော်ရီးစ်က ညှပ်ပေးထားသဖြင့် သူ့မျက်လုံးများသည် ကြည့်၍ရနေခြင်းဖြစ်၏။

မက်ပီ၏ ပါးရိုးများသည် အင်ဒီးယန်းလူမျိုးတို့၏ ထုံးစံအတိုင်း ခပ်ငေါ့ငေါ့ရှိသည်။ နှာခေါင်းသည် လင်းယုန်ငှက်တစ်ကောင်၏ နှာခေါင်း သဖွယ် ခပ်ကောက်ကောက်။ ပါးစပ်ကျတော့ ခပ်သေးသေးခပ်ပါးပါးဖြစ်၍ မိန်းကလေးပါးစပ်နှင့်တူသည်။ မေးစေ့သည် ခပ်ချွန်ချွန် သူ့ခြေထောက်နှင့် လက်များသည် ရှည်လျားလွန်းသဖြင့် လူပုံသည် ကလန်ကလားနိုင်လွန်း လှ၏။ မည်သို့ပင်ဖြစ်စေ မက်ပီသည် အလွန်ပျင်းရိသော လူငယ်တစ် ယောက်ဖြစ်၏။

အမေ တော်ရီးစ်သည် သူ့သားအား အလွန်သတ္တိကောင်းသည့် လူချောကလေးတစ်ယောက်ဟုထင်သည်။ သို့သော်လည်း သူ့ထင်မြင်ချက် ကို မက်ပီအား လုံးဝအသိမပေး 'နင့်အဖေရဲ့ မိသားစုထဲမှာ မိန်းမပျင်းတစ် ယောက် ပါလာဟန်တူတယ်။ ဒါကြောင့် ငါ့မှာ နင့်လိုသားမျိုးတစ်ယောက် မွေးလာတာနေမှာ'ဟု အမေ တော်ရီးစ်က ပြောသည်။ ပြီးတော့ နင့်ကိုယ် ဝန်နဲ့တုန်းက တစ်ရက်မှာ အလွန်အပျင်းထူတဲ့ ကိုယိုတိဝံပုလွေ တစ်ကောင် ချုံထဲက ထွက်လာပြီး ငါ့ကိုစိုက်ကြည့်နေဖူးတယ်။ အဲဒါကြောင့် နင်ဟာ အလွန်အပျင်းကြီးတဲ့ကောင်ဖြစ်လာတာ နေမှာပဲ'ဟုလည်း အမေ တော်ရီးစ် က ပြောသည်။

မက်ပီကတော့ ဘာမှမသိနားမလည်သည့် သိုးငယ်လေးတစ်ကောင် သဖွယ် ပြုံးနေသည်။ သူ့လက်ထဲမှ ဓားမြှောင်ကို မြေကြီးထဲ ထိုးလိုက်၊ နုတ်လိုက်လုပ်နေသည်။ သူ့ဓားမြှောင်အသွားထက်စေရန်နှင့် သံချေး မတက် စေရန် လုပ်နေခြင်းပေတည်း။

ဤဓားမြှောင်သည် သူ့အတွက် အမွေပစ္စည်းတစ်ခုဖြစ်သည်။ သူ့ အဖေ အမြဲတစေကိုင်ခဲ့သော ဓားမြှောင်ဖြစ်၏။ ဓားမြှောင်သည် ခပ်ကြီး ကြီး ရှည်လျားလျားဖြစ်သည်။ အသွားကို အရိုးထဲသို့ ခေါက်သွင်းလို့ရ သည်။ အရိုးပေါ်တွင် ခလုတ်ကလေးတစ်ခုရှိ၍ ထိုခလုတ်ကို နှိပ်လိုက်လျှင် ဓားသွားသည် ဖျတ်ခနဲ အပြင်သို့ထွက်လာသည်။ ဤဓားမြှောင်သည် မက်ပီ အမြတ်နိုးဆုံးဖြစ်သည်။ သူ့အဖေကိုင်ခဲ့သော ဓားမြှောင်ဖြစ်၍ သူ့ကိုယ်နှင့်
mgyoe.com

mgyoe.com


မကွာအောင် ထားသည်။

အလွန်နေသာသည့် နံနက်ခင်းတစ်နေ့တွင်ဖြစ်သည်။ ကမ်းပါးအောက်ဘက် အနိမ့်ပိုင်းထဲရှိ ပင်လယ်ပြင်သည် အပြာရောင်သန်းနေသည်။ ရေပြင်သည် နေရောင်အောက်တွင် တဝင်းဝင်း တလက်လက်ဖြစ်နေသည်။

လှိုင်းလုံးဖြူဖြူများသည် အစုလိုက်အပြုံလိုက် ဖြည်းဖြည်းသာသာပြေးလာပြီး သောင်ခုံကျောက်တန်းပေါ်တက်လာလျက်ရှိသည်။ ယာတောနောက်ဖက်ရှိ တောင်တန်းကြီးများသည်ပင်လျှင် အေးမြသာယာသည့် အသွင်သဏ္ဌာန်ကို ဆောင်နေကြသည်။

'မက်ပီရေ....ဟေး......မက်ပီ၊ အမေ့ဆီကိုလာစမ်း၊ အမေ မင့်ကိုခိုင်းစရာတစ်ခုရှိလို့'

သစ်သားတဲငယ်အတွင်းမှ အမေ တော်ရီးစ်၏ခေါ်သံထွက်ပေါ်လာသည်။

အပြင်မှ ထူးသံမကြားရ၊ အမေက ခေါင်းတစ်ချက်ထောင်ကာ နားစွင့်သည်။ ကျီ၏နောက်ဘက်မှ ရယ်သံများကြားလိုက်ရ၏။ အမေ တော်ရီးစ်သည် ထိုင်ရာမှထကာ သူ့စကပ်ကို လက်နှစ်ဖက်ဖြင့်မ၍ ရယ်သံများ လာရာဘက်သို့ ခပ်သုတ်သုတ်လျှောက်သွားသည်။

မက်ပီသည် သေတ္တာပျက်တစ်လုံးကိုကျောနှင့်မှီပြီး ထိုင်နေသည်။ သူ၏ ဖွေးဖွေးဖြူနေသော သွားများသည် နေရောင်ဖြင့် ဝင်းလက်နေကြသည်။

သူ၏ဘယ်ဘက်နှင့်ညာဘက်ဘေးတွင် အသားမည်းမည်း အငယ်နှစ်ယောက်ရပ်နေသည်။ ကလေးနှစ်ယောက်သည် တစ်စုံတစ်ခုကို မျှော်လင့်ချက်ကြီးစွာဖြင့် စောင့်စားနေသည့် အရိပ်လက္ခဏာများ ဖော်ပြနေကြသည်။

ရုတ်တရက် အေမဲယိုး၏ နှုတ်မှ အော်သံတစ်ချက်ထွက်လာသည်။

'ယား.....'

မက်ပီ၏ လက်ကောက်ဝတ်သည် မြွေတစ်ကောင်၏ ဦးခေါင်းသဖွယ် အလွန်သွက်လက်လျင်မြန်စွာ လှုပ်ရှားသွားသည်။ လေထဲတွင်ဝှီးခနဲဖြတ်သန်းသွားသော စားမြှောင်စားသွားသည် ဝင်းခနဲလက်သွားသည်။ 'ဒုတ်'ခနဲမြည်သံပေးကာ ရှေ့တည့်တည့်မှ သစ်သားတိုင်တွင် ဝင်စိုက်သည်။

mgyoe.com

mgyoe.com

အနက်ရောင် စားရိုးသည် တဖျတ်ဖျတ် ခါယမ်းလျက်ရှိသည်။ စားမြှောင် ဝင်စိုက်မိသည်နှင့် တစ်ပြိုင်နက် မောင်နှမသုံးယောက်၏ ရယ်သံများသည် ထွက်ပေါ်လာသည်။

ရှိစီသည် သစ်သားတိုင်ဆီသို့ ပြေးသွားပြီး စားမြှောင်ကို ဆွဲနှုတ်ကာ မက်ပီထံ ပြန်ပြေးလာသည်။ သူ့လက်ထဲမှစားမြှောင်ကို မက်ပီအား လှမ်းပေးသည်။ မက်ပီက စားမြှောင်ကို ပိတ်လိုက်ပြီး လက်ဖဝါးထဲ ပြန်ထည့်သည်။ ထို့နောက် ပြုံးဖြဲဖြဲမျက်နှာထားဖြင့် မိုးကောင်းကင်ဆီသို့ ငေးကြည့်နေသည်။

'ယား'

မက်ပီ၏လက်ဖဝါးထဲမှ စားမြှောင်သည် ဖျတ်ခနဲ ခုန်ထွက်လာပြီး သစ်သားတိုင်တွင် နောက်တစ်ကြိမ်ဝင်စိုက်ပြန်သည်။ အမေတော်ရီးစ်က သူတို့ရှေ့၌ ဝင်ရပ်ကာ ဆူပူကြိမ်းမောင်းခြင်း ပြုသည်။

'တစ်နေကုန် တစ်နေခန်း ဒီစားမြှောင်နဲ့ ဒီအလုပ်ပဲ လုပ်နေတာပဲ။ နင်က ဒီစားမြှောင်ကို ကစားစရာအရုပ်တစ်ခုလို သဘောထားပြီး လုပ်နေတာကိုး'

ဟု ဒေါသတကြီး အော်ပြောသည်။

'ဟဲ့အကောင် မက်ပီ.....ထစမ်း၊ ဖိနပ်တွေကို ဝါးစားသလို ဖျက်ဆီးနေတဲ့ နင့်ခြေထောက်တွေကို ထူပြီး ထရပ်စမ်း'

ပြောပြောဆိုဆို အမေ တော်ရီးစ်သည် မက်ပီ၏ လက်မောင်း တစ်ဖက်ကိုဆွဲ၍ထူသည်။ မက်ပီက အမေ့မျက်နှာကို ခပ်ဖြည်းဖြည်းမျက်နှာပေးဖြင့် ကြည့်ကာ မထချင်ထချင်နှင့် ထရပ်သည်။

'ဒီမယ် ဟဲ့....မက်ပီ၊ ငါပြောတာ နားထောင်စမ်း'

ဟု အမေ တော်ရီးစ်က ပြောသည်။

'ဟဲ့ကောင် ငပျင်း.....၊ ငါပြောတာ သေသေချာချာနားထောင်၊ မြင်းကိုသွားဖမ်းပြီး ကုန်းနှီးတင်လိုက်၊ နင်....မွန်ထရေးမြို့ကို သွားရမယ်။ ဆေးကုန်နေပြီ၊ ဆားလဲကုန်နေပြီ၊ အခုချက်ချင်းသွား..... သွားဆို သွားစမ်း၊ မြင်းကို အရင်သွားဖမ်း'

တော်လှန်အာခံချင်သည့် အမူအရာသည် မက်ပီမျက်နှာတွင် ထင်ဟပ်

mgyoe.com

mgyoe.com


လာသည်။

'ကျုပ်ကို မွန်ထရေးလွှတ်မယ် ဟုတ်လား'

ဟု မကျေနပ်သည့်လေသံဖြင့် မေးသည်။

'ကျုပ်တစ်ယောက်တည်း သွားရမယ် ဟုတ်လား.....။ အမေ ခိုင်းတာကြီးက မဟုတ်သေးပါဘူးဗျာ.....'

အမေ တော်ရီးစ်က မက်ပီအား မျက်မှောင်ကုတ်၍ ကြည့်သည်။

'စကားမများနဲ့'

ဟု ပြောသည်။

'နင်သကြားလုံးဝယ်စားရလိမ့်မယ်လို့ မထင်နဲ့...၊ ငါက ဆေးနဲ့ဆားဝယ်ဖို့ပဲ၊ ပိုက်ဆံပေးမှာ တစ်ပြားမှ ပိုမပေးဘူးနားလည်လား'

မက်ပီက ပြုံးသည်။

'ကျုပ်သွားရင် ဦးထုတ်ပတ်တဲ့ သားရေကြိုးပြားကလေးတော့ တပ်ပေးလိုက်မယ် မဟုတ်လား အမေ'

ဟု မေးသည်။

အမေ တော်ရီးစ်သည် သူ့သားအပေါ် သနားစိတ်ကလေး ဝင်လာသည်။ ထို့ကြောင့်လည်း တစ်ထစ်လျှော့ပေးလိုက်သည်။

'အေး....မက်ပီ၊ သားရေကြိုးပြားတော့ တပ်ချင်ရင် တပ်သွား'

မက်ပီသည် ချက်ချင်းပင် ရွှင်မြူးတက်ကြွလာသည်။

'အမေ လက်ကိုင်ပဝါအစိမ်းကလေးကော ယူသွားရမလား'

'အေး......မြန်မြန်သွားပြီး ဘာပြဿနာမှ မရှိဘဲ မြန်မြန်ပြန်လာမယ်ဆိုရင် လက်ကိုင်ပဝါအစိမ်းလည်း ပေးလိုက်မယ်။ ပြီးတော့ နင် အစာစားတဲ့အခါ လက်ကိုင်ပဝါကို မပေစေနဲ့ကြားလား၊ ပေအောင်လုပ်မယ်ဆိုရင်တော့ ငါ မပေးလိုက်ချင်ဘူး'

'မပေ့စေရပါဘူး အမေရာ စိတ်ချပါ။ ကျုပ် သတိထားပြီး ကိုင်မှာပေါ့၊ ကျုပ်ကလေး မဟုတ်တော့ပါဘူး အမေရာ....လူကြီးတစ်ယောက်ဖြစ်နေပါပြီ'

'ဘာ.... ဟဲ့အကောင်၊ နင်က နင့်ကိုယ်နင် လူကြီးတဲ့၊ ငါလေ ပြောလိုက်ရ'

mgyoe.com

mgyoe.com

မက်ပီသည် ခနော်နီခနော်နဲ့ ဖြစ်နေသော ကျီထဲသို့ ဝင်သွားပြီး ကြိုးတစ်ချောင်းယူသည်။ ရှင်မြူးသွက်လက်သော ခြေလှမ်းများဖြင့် မြင်းဖမ်းရန်တောင်ကုန်းပေါ်တက်သည်။

နောက် တစ်ခဏမျှအကြာတွင် မက်ပီသည် အဆင်သင့်ဖြစ်နေသည်။ သူသည် သူ့အဖေမြင်းကုန်းနှီးပေါ်၌ ခွထိုင်ကာ တဲတံခါးဝ၌ ရပ်နေသည်။

မြင်းကုန်းနှီးမှာ သုံးစွဲလာခဲ့သည့် နှစ်များစွာကြာခဲ့ပြီဖြစ်သဖြင့် ဟောင်းနွမ်းလှလေပြီ။ မြင်းကုန်းနှီးကို အုပ်၍ ချုပ်ထားသည့် သားရေစမှာ ပေါက်သည့်နေရာက ပေါက်၍ ပြဲသည့်နေရာက ပြဲနေသဖြင့် အတွင်းမှ သစ်သားဘောင်များကိုပင် မြင်နေရသည်။

အမေ တော်ရီးစ်သည် သားရေကြိုးပြားကလေး တပ်ထားသည့် ဦးထုပ်အနက်နှင့် လက်ကိုင်ပဝါအစိမ်းကလေးကိုင်ပြီး တဲထဲမှထွက်လာသည်။ ဦးထုပ်ကို မက်ပီ၏ခေါင်းတွင် ဆောင်းပေးသည်။ လက်ကိုင်ပဝါ အစိမ်းကလေးကို မက်ပီ၏ လည်ပင်းတွင် ချည်ပေးသည်။

မက်ပီ၏ ကိုယ်ပေါ်မှ အပြာရောင် ချည်ကြမ်းအကျီသည် သူ၏ဂျင်းဘောင်းဘီလောက်မျှပင် အရောင်မပြောင်တော့ပေ။ အလျှော်အဖွပ်နည်းသဖြင့် တစ်ထည်လုံး ကြေးအထပ်ထပ် တက်ကာ မည်းနက်နေသည်။

အမေ တော်ရီးစ်က ဆေးပုလင်းနှင့် ငွေဒင်္ဂါးပြားများ လှမ်းပေးသည်။

"ဒီဟာက ဆေးဝယ်ဖို့"

ဟုပြောသည်။

"ဟောဒါက ဆားဝယ်ဖို့၊ ဒီဟာကိုတော့ နင့်အဖေအတွက် ဆီမီးပူဇော်ဖို့ ဖယောင်းတိုင်ဝယ်၊ ဒီဟာကတော့ နင်သကြားလုံးဝယ်စားချင်ရင် ဝယ်စားဖို့ပေးတာ ကြားလား"

"အမေတို့ မိတ်ဆွေ မစ္စက်ရိုးဒရီးဂက်စ်က နင့်ကို ညစာကျွေးလိမ့်မယ်။ အိပ်စရာနေရာ ပေးလိမ့်မယ်။ ဘုရားရှိခိုးကျောင်းဝင်တဲ့အခါမှာ သေသေချာချာရှိခိုးပြီး ဆုတောင်း၊ ဘုရားသခင်နဲ့ မယ်တော် မေရီရဲ့ ရုပ်ပုံတွေကို ကြည့်တဲ့အခါမှာလည်း တွေ့ကရာတွေ စိတ်မကူးနဲ့နော်၊ လှတဲ့အပိုင်းတွေကို ချည်း ကြည့်နေတာ မကောင်းဘူး။ ငါပြောတာ နားလည်ရဲ့လား ဝံပုလွေငပျင်းရဲ့"

mgyoe.com

မက်ပီက ခေါင်းညိတ်သည်။ ဆောင်းထားသည့် ဦးထုပ်နက်အောက်မှ ဆံစများသည် ဘေးတစ်ဘက် တစ်ချက်တွင် ထိုးထွက်နေကြသည်။ သူ့သားသည် လူလားမြောက်လာပြီ၊ ပိန်ရှည်ရှည်မြင်းပေါ်၌ ထိုင်နေသည်မှာ ကျက်သရေရှိလှပါဘိသည်။ အသားမည်းမည်း၊ ပိန်ပါးပါး၊ အရပ်ရှည်ရှည်နှင့် လူချောလေးတစ်ယောက်ဟု ထင်၏။

"အေးကွယ်၊ အမေက မင်းတစ်ယောက်တည်း မလွှတ်ချင်ပါဘူးကွယ်၊ ဆေးကုန်နေလို့သာ လွှတ်ရတာ"

ဟု နူးညံ့သိမ်မွေ့သော လေသံဖြင့် တိုးတိုးသာသာပြောသည်။

"အိမ်မှာက ဆေးမရှိရင် မဖြစ်ဘူးသားရဲ့ သိလား၊ သွားကိုက်တာတို့ ဗိုက်နာတာတို့က ဘယ်အချိန်ထဖြစ်မယ်ဆိုတာ ဘယ်သူမှပြောနိုင်တာ မဟုတ်ဘူး။ ဒါတွေဖြစ်လာလို့ ဆေးမရှိရင် ခက်တယ်သားရဲ့"

"သွားမယ် အမေ"ဟု မက်ပီက နှုတ်ဆက်သည်။

"ကျုပ် မြန်မြန်ပြန်လာခဲ့မှာပါ။ နောက်ကိုလည်း မကြာမကြာတစ်ယောက်တည်း လွှတ်လို့ ရပါပြီ အမေရာ၊ ကျုပ် လူကြီးတစ်ယောက်ဖြစ်နေပါပြီ"

"နင်ဟာလေ အခုထက်ထိ ဘာမှမသိနားမလည် သေးတဲ့ ငမိုက်ကလေးပါ"ဟု အမေ တော်ရီးစ်က ရေရွတ်သည်။

မက်ပီသည် မြင်းပေါ်၌ထိုင်နေရာမှ ကိုယ်ကိုမတ်မတ်ဖြစ်အောင် ပြင်ထိုင်လိုက်သည်။ ထို့နောက် မြင်းကို ခပ်သွက်သွက်နှင်၍ ထွက်သွားသည်။

အတော်လှမ်းလှမ်းသို့ ရောက်သည့်အခါ နောက်သို့လှည့်ကြည့်သည်။ သူ့အား ရပ်၍ ကြည့်နေသည့် အေမဲ့ယိုး၊ ရိုစီနှင့် အမေ တော်ရီးစ်။ မက်ပီက တစ်ချက်မျှပြုံးပြလိုက်ပြီး မြင်းကို စိုင်းသွားသည်။

မက်ပီသည် လမ်းအနိမ့်ပိုင်းထဲသို့ ဆင်းကာ မြင်ကွင်းအတွင်းမှ ပျောက်သွားသည်။ ထိုအခါကျမှ အမေ တော်ရီးစ်သည် သူ့ကလေးနှစ်ယောက်အား လှည့်ကြည့်သည်။ ပြီးတော့ သူ့ကိုယ်သူပြောသည်။

"အေးလေ..... အခုဆိုရင် သူလည်း လူကြီးတစ်ယောက်ဖြစ်လုနီးနေပါပြီ။ အိမ်မှာ ယောကျာ်းကြီးကြီးမားမား တစ်ယောက် ပြန်ပြီးရှိလာတာ ကောင်းတာပေါ့"

mgyoe.com

သူသည် ကလေးနှစ်ကောင်အား စူးစူးဝါးဝါးကြည့်လိုက်သည်။

"ဟဲ့ နင်တို့နှစ်ကောင် ကျောက်ဆောင်တွေဘက် သွားကြတော့လေ" ဟု ခိုင်းသည်။

"ဒီရေကျသွားပြီဟဲ့။ အခုလောက်ဆိုရင် ကမာကောင်တွေ အများကြီး ရောက်နေရောပေါ့"

အမေ တော်ရီးစ်သည် ငါးမျှားတံကို ကလေးနှစ်ယောက်အားပေး လိုက်သည်။ ကျောက်ဆောင်များဆီသို့ ဆင်းသွားနေကြသော ကလေးများ ကို နောက်မှနေ၍ ရပ်ကြည့်နေသည်။ ထို့နောက် ကျောက်ဆုံကိုယူကာ တံခါးဝ၌ထိုင်၍ ဂျုံများကို ကြိတ်နေသည်။ သူ့သား မက်ပီထွက်သွားရာ လမ်းမဆီသို့လည်း မကြာခဏလှမ်းလှမ်းကြည့်သည်။

မွန်းတည့်ချိန်ရောက်လာသည်။ ထို့နောက် မွန်းတိမ်းလာသည်။ ကလေး နှစ်ယောက်သည် ကမာကောင်များနှင့် ငါးမျှားကိုဆွဲကာ ပြန်ရောက်လာကြ သည်။ သူတို့သည် ကမာကောင်များအား အသားများပျော့ညက်သွားအောင် ထုရိုက်လာခဲ့ကြသည်။

ပင်လယ်ရေပြင်နောက်သို့ နေစုံးစုံးမြုပ်သွားချိန်တွင် သားအမိသုံး ယောက် ညနေစာစားကြသည်။ ထို့နောက် အားလုံး တဲတံခါးဝ၌ထိုင်ကာ တောင်တန်းများ၏ ထိပ်မှ ဖြည်းဖြည်းချင်းထွက်ပေါ်နေသော လကို စောင့် ကြည့်နေကြသည်။

"အခုလောက်ဆိုရင် မက်ပီတစ်ယောက်တော့ အမေတို့ သူငယ်ချင်း ရီးဒရီးဂက်စ်ဆီ ရောက်နေလောက်ပြီကွယ့်"

ဟုပြောသည်။

'မစ္စက်ရီးဒရီးဂက်စ်ကလည်း သူ့ကို အစားကောင်းအသောက်ကောင်း တွေ ကျွေးနေရောပေါ့။ အံမယ် လက်ဆောင်တောင် ပေးချင်ပေးထားမှာ"

"ကျွန်တော် ကြီးလာတော့လည်း ဆေးဝယ်ဖို့ မွန်ထရီးမြို့ကို သွား မယ်နော် အမေ"

ဟု အေမဲယိုးက ပြောသည်။

"မက်ပီက ဒီနေ့လူကြီးတစ်ယောက် ဖြစ်သွားပြီနော်၊ ဟုတ်လား အမေ"

mgyoe.com

mgyoe.com


အမေ တော်ရီးစ်က လိမ္မာပါးနပ်စွာဖြင့် ပြန်ပြောသည်။

"ယောကျ်ားလေး တစ်ယောက်ဟာ လူကြီးတစ်ယောက်လိုလာတဲ့ အချိန်မှာ လူကြီးဖြစ်လာတာပေါ့ကွယ်။ အမေတွေ့ဖူးတာ တစ်ခုပြောပြမယ်။ မှတ်ထား၊ အသက် လေးဆယ်ကျော်တွေ အမေတွေ့ခဲ့ဖူးတယ်။ လူကြီးမလိုတဲ့အချိန်မှာ သူတို့ဟာ ကလေးတွေဖြစ်နေတာပဲ"

မကြာခင်မှာပင် သူတို့သည် အိမ်ထဲသို့ ပြန်ဝင်ကြသည်။ အမေသည် သူ၏ ဝက်သစ်ချသားဖြင့် ပြုလုပ်ထားသောခုတင်ပေါ်သို့ ရောက်သွားသည်။ အမေ့ ခုတင်သည် အခန်း၏တစ်ဖက်နံရံ၌ ကပ်ထားသည်။ အေမဲယိုးနှင့် ရိုစီတို့သည် ကောက်ရိုးများနှင့် သိုးရေများခင်းထားသည့် သေတ္တာပေါင်းထဲသို့ ဝင်အိပ်ကြသည်။

လသည် တဖြည်းဖြည်းချင်း မြင့်တက်လာသည်။ ပင်လယ်ပြင်မှ လှိုင်းလုံးများသည် ကျောက်ဆောင်များဆီသို့ ပြေးလွှားရိုက်ခတ်ကာ တဝုန်းဝုန်းအသံများ ဖြစ်ပေါ်လာအောင် ဖန်တီးနေကြသည်။ ပထမဆုံးသော ကြက်တွန်သံများကြားကြရသည်။ လှိုင်းလုံးများ၏ ရိုက်ခတ်သံများသည် တဖြည်းဖြည်းချင်း စဲသွားသည်။ လသည် ပင်လယ်ပြင်ဘက်သို့ နိမ့်ဆင်းလာသည်။ နောက်တစ်ကြိမ်ကြက်တွန်သံများ ထွက်ပေါ်လာသည်။

လမင်းသည် ရေပြင်နှင့် ထိလုနီးပါးဖြစ်နေပြီ။ ထိုအချိန်တွင် မက်ပီသည် မြင်းကိုဒုန်းစိုင်းကာ အိမ်သို့ ပြန်ရောက်လာသည်။ သူ့ခွေးက သူ့အား အဆက်မပြတ် ဟောင်၍ မြင်းကို ပတ်ချာလှည့်ပြေး၍ ဆီးကြိုသည်။ မက်ပီသည် မြင်းပေါ်မှ ကသောကမျော ခုန်ဆင်းသည်။ လရောက်အောက်တွင် သစ်သားတဲငယ်သည် ငွေရောင်လက်နေသည်။ တဲငယ်၏အရိပ်သည် မြောက်ဘက်နှင့်အရှေ့ဘက်တွင် ထိုးကျလျက်ရှိ၏။ အရှေ့ဘက်တွင် တောင်တန်းကြီးများသည် ကောင်းကင်ဆီသို့ ထိုးတက်နေကြသည်။

မက်ပီသည် လှေကား သုံးထစ်ကို တက်ကာ အိမ်ထဲသို့ရောက်လာသည်။ အတွင်းဘက်တွင် မှောင်မည်းလျက်ရှိ၏။ ထောင့်တစ်ထောင့်မှ ချိုးချိုးချွတ်ချွတ် အသံများ ကြားရသည်။

အမေသည် သူ့ခုတင်ပေါ်မှနေ၍ လှမ်းမေးသည်။

"ဟဲ့....ဘယ်သူလဲ၊ မက်ပီလား"

mgyoe.com

m g

"ဟုတ်တယ် အမေ"

"ဆေး ရခဲ့ရဲ့လား"

"ရခဲ့တယ် အမေ"

"ဒါဆိုရင် အိပ်ရာဝင်တော့"

"အမေက ဒီနေ့ည မင်း ရိုးဒရိုးဂက်စ်တို့အိမ်မှာ အိပ်လိမ့်မယ်လို့ တွက်ထားတာ"

မက်ပီထံမှ ဘာသံမှမကြားရ။ သူလည်း အမှောင်ထုထဲတွင် ရပ်နေသည်။

"ဟဲ့....မက်ပီ၊ ဘာပြုလို့ ရပ်နေရတာလဲ၊ နင် အရက်တွေ သောက်လာသလား"

"သောက်လာတယ် အမေ"

"ဒါဆိုရင်လည်း အိပ်တော့၊ အိပ်လိုက်ရင် နင်အမူးပြေသွားမှာပဲ"

"ဖယောင်းတိုင် ထွန်းပါဦး အမေရယ်"ဟု မက်ပီက ပြောသည်။

'ကျုပ် တောင်တန်းတွေဘက်ကို ပြေးမှဖြစ်တော့မှာ"

"ဟဲ့....ဘာပြောတယ်၊ နင် ရူးနေသလား"

အမေ တော်ရီးစ်သည် ပြောပြောဆိုဆိုပင် ဖယောင်းတိုင် တစ်တိုင် ထွန်းသည်။ သူသည် ဖယောင်းတိုင်ကို သူ့အိပ်ရာဘေး ကြမ်းပြင်ပေါ်၌ စိုက်လိုက်သည်။

"ဟဲ့...မက်ပီ နင်ဘာတွေ ပြောနေတာလဲ"ဟု မေးကာ သောက မကင်းသော မျက်နှာထားဖြင့် မက်ပီအား ကြည့်သည်။

မက်ပီ၏ မျက်နှာသည် ခါတိုင်းလိုမဟုတ်။ တစ်မူထူးခြားလျက်ရှိသည်။ အထူးသဖြင့် သူ့မျက်လုံးအစုံသည် ပြောင်းလဲမှုကို သိသာထင်ရှားစွာ ဖော်ပြနေကြသည်။ သူ့မျက်လုံးများ၏အကြည့်တွင် ပြုံးရယ်ခြင်းလည်း မရှိ။ နူးညံ့သိမ်မွေ့မှုများကိုလည်း မမြင်ရ။ သူသည် အလွန်ပင်ပန်း မောဟိုက်နေသည့်အသံဖြင့် ဖြစ်ပျက်ခဲ့သမျှကို ပြောပြသည်။

မစ္စက်ရိုးဒရိုးဂက်စ်၏ မီးဖိုချောင်ထဲသို့ လူတစ်ချို့ ရောက်လာသည်။ ဝိုင်အရက်တွေ သောက်ကြသည်။ မက်ပီလည်း ဝိုင်သောက်မိသည်။ မကြာခင် ကတောက်ကဆတ် စကားများကြသည်။ ရန်စသူမှာ လူကြီးတစ်ယောက်

mgyoe.com

mgyoe.com

ဖြစ်၏။ ထို့နောက်တော့ မက်ပီ၏ဓားမြှောင်။ ဓားမြှောင်သည် သူ့လက်ထဲမှ လွတ်ထွက်သွားသည်။ ဘယ်လိုက ဘယ်လိုဖြစ်ပြီး ထွက်သွားလိုက်သည်ကို သူလုံးဝသတိမထားမိ။

သူ့စကားကို နားထောင်နေသော အမေ တော်ရီးစ်၏ မျက်နှာသည် တင်းမာလာသည်။

"ကျုပ် လူကြီးဖြစ်နေပြီ အမေရ။ အဲဒီလူက ကျုပ်ကို အမျိုးမျိုးပြော တယ်။ ကျုပ်မခံနိုင်တဲ့ နာမည်တွေလည်း ခေါ်တယ်"

အမေ တော်ရီးစ်က ခေါင်းညိတ်သည်။ "အေး....ဟုတ်တာပေါ့။ မင်းလူကြီးတစ်ယောက်ဖြစ်နေပြီ"ဟု ပြောတယ်။ "မင်းလူကြီးဖြစ်နေတာကို အမေသိပါတယ်ကွယ်။ မင်း ဓားမြှောင်ကို တိုင်မှာစိုက်အောင် ပစ်နေကတည်း က အမေ သိတယ်။ အဲဒီအချိန်ကတည်းက အမေစိုးရိမ်နေတာကွယ့်"

အမေ့မျက်နှာသည် တစ်ခဏမျှ နူးညံ့သိမ်မွေ့လာသည်။ ထို့နောက် တည်ငြိမ်တင်းမာလာသည်။ "ကဲ....လုပ်တော့သား အားလုံး အဆင်သင့် ဖြစ်အောင် လုပ်ကြမှဖြစ်မယ်။ သွား...သွား...အေမဲယိုးနဲ့ ရိုစီကို နှိုး၊ မြန်မြန် သွား"

မက်ပီသည် သူ့ညီနှင့် သူ့နှမငယ်ကလေးတို့ အိပ်နေသည့်အခန်း ထောင့်သို့ အပြေးအလွှားသွားသည်။

သူတို့အား အသာအယာလှုပ်၍နှိုးသည်။

"ရိုစီ....ထစမ်း၊ အေမဲယိုး....ခဏထစမ်း အမေကပြောတယ်။ မင်းတို့ ခဏထကြဦးတဲ့"

ကလေးနှစ်ယောက်သည် အိပ်မှုန်စုံမွှားနှင့် အိပ်ရာပေါ်တွင် ထထိုင် ကြသည်။ ဖယောင်းတိုင်မီးရောင်ကို ကြည့်ကာ မျက်စိများကို ပွတ်နေကြ သည်။ အမေ တော်ရီးစ်သည် အိပ်ရာပေါ်မှ ဆင်းလာပြီး.....

"ဟဲ့....အေမဲယိုး ဟိုမြင်းတစ်ကောင်ကို သွားဖမ်းချေ"ဟု ပြောသည်။

"မြန်မြန်သွား မက်ပီအတွက် ပြင်ပေးရမယ်"

အေမဲယိုးသည် ကပျာကယာ ထိုင်ရာမှထ၍ အပြင်သို့ ထွက်သည်။ အိပ်ချင်မူးတူး ဖြစ်နေသဖြင့် သူလမ်းလျှောက်သွားနေပုံသည် ဒယီးဒယိုင် နိုင်လှ၏။

mgyoe.com

"ဟဲ့....မက်ပီ နင့်နောက်က လူလိုက်လာသံ ကြားခဲ့သေးသလား" ဟု အမေ တော်ရီးစ်က မေးသည်။

"မကြားဘူး အမေ။ ကျူပ် သေသေချာချာ နားထောင်လာတာ လမ်းပေါ်မှာ ဘယ်သူမှ မရှိဘူး"

အမေသည် အခန်းထဲတွင် သုတ်သီးသုတ်ပျာ လှုပ်ရှားလျက်ရှိသည်။ ဘောအန္တရာယ်တစ်ခုခုနှင့် ကြုံရသဖြင့် ကြောက်လန့်တကြား ပျံသန်းနေသော ငှက်တစ်ကောင်နှင့် တူနေသည်။

နံရံပေါ်မှ သံတစ်ချောင်းတွင် ချိတ်ထားသော ကင်းဗတ်ရေဗူးကို ဖြုတ်၍ ကြမ်းပေါ်သို့ ပစ်ချသည်။

သူ့အိပ်ရာပေါ်မှ စောင်တစ်ထည်ကို ခွာယူပြီး ခပ်သေးသေးဖြစ်သွားအောင် ကျစ်ကျစ်လျစ်လျစ်လိပ်သည်။ အစွန်းထိပ် နှစ်ဖက်မှနေ၍ ကြိုးများဖြင့် ပတ်ချည်သည်။ မီးဖိုဘောမှ သေတ္တာတစ်လုံးဆီသွားကာ ဒူးထောက်၍ ထိုင်ချလိုက်သည်။ သေတ္တာအဖုံးကိုဖွင့်၍ အတွင်းရှိ ဆာလာအိတ်တစ်လုံးထဲမှ အသားခြောက် လက်တစ်ဆုပ်စာယူလိုက်သည်။ အနက်ရောင် ကုတ်အင်္ကျီတစ်ထည်ကိုလည်း ထုတ်လိုက်သည်။

"ရော့ မက်ပီ။ ဒါ နင့်အဖေရဲ့ ကုတ်အင်္ကျီ ဝတ်ထား"

မက်ပီသည် အခန်းအလယ်၌ရပ်ကာ သူ့အမေ၏လှုပ်ရှားမှုများကို ငေးကြည့်နေသည်။ အမေသည် တံခါးနောက်တွင် ချိတ်ထားသည့် ရိုင်ဖယ်သေနတ်တစ်လက်ကို ဆွဲထုတ်လာသည်။

မက်ပီက ရိုင်ဖယ်သေနတ်ကို ဆီးယူပြီး သူ့ပခုံးတွင် လွယ်လိုက်သည်။ အမေသည် သားရေအိတ်တစ်လုံး ဆွဲယူလာပြီး အထဲမှ ကျည်ဆန်များကို ထုတ်၍ တစ်တောင့်ချင်းစီ ရေတွက်ကာ မက်ပီ၏လက်ဖဝါးပေါ် တင်ပေးသည်။

"ဆယ်တောင့်ပဲ ရှိတော့တယ်"ဟု အမေက ရေရွတ်သည်။

"နင် ကျည်ဆန်ကို ဖြုန်းမပစ်နဲ့နော်"

အပြင်မှ အေမဲယိုး၏ခေါင်းသည် တံခါးပေါက်မှနေ၍ အတွင်းသို့ ဝင်လာသည်။

"မြင်းဖမ်းလာပြီ အမေ"

mgyoe.com

mgyoe.com


"ဟို....မြင်းပေါ်က ကုန်းနှီးကိုယူပြီး နင်ဖမ်းလာတဲ့ မြင်းပေါ်ကိုတင် ရော့ ယောဒီမှာ စောင်နဲ့အသားခြောက်ထုတ်၊ မြင်းကုန်းနှီးမှာ ချည်ပေးလိုက်"

မက်ပီသည် သူ့အမေ၏ လှုပ်ရှားမှုနှင့် ပြောဟန်ဆိုဟန်များကို စိတ်မကောင်းသည့် မျက်နှာထားဖြင့် ငေးကြည့်နေဆဲ သူ့နှုတ်ခမ်းများကို တင်းကျပ်စွာ စေ့ထားသည်။ သူ၏သေးငယ်စူးရှသော မျက်လုံးအစုံသည် သူ့အမေ သွားရာနောက်သို့ တကောက်ကောက်လိုက်ကြည့်နေသည်။

"မက်ပီ ဘယ်သွားမှာလဲ အမေ" ဟု ရိုစီက လေသံတိုးတိုးဖြင့် လှမ်းမေးသည်။

အမေ့မျက်လုံးအကြည့်သည် တင်းမာသွားသည်။ "မက်ပီခရီးသွားမလို့တဲ့ သူအခု လူကြီးတစ်ယောက်ဖြစ်သွားပြီး လူကြီးတစ်ယောက် အလုပ်မျိုးတွေ လုပ်ရတော့မှာပေါ့"

မက်ပီသည် ကိုင်းနေသော ကိုယ်ကို မတ်မတ်တောင့်တောင့်ဖြစ်သွားအောင် ပြင်၍ရပ်လိုက်သည်။ သူ့ပါးစပ်အနေအထားသည် အမေ တော်ရီးစ်၏ပါးစပ်နှင့် တူလှချေသည်။

နောက်ဆုံးတွင် ပြင်ဆင်မှုအားလုံး ပြီးပြတ်သွားသည်။ မြင်းသည် အပြင်ဘက်၌ အဆင်သင့်ဖြစ်နေပြီ၊ မြင်းကုန်းနှီးတွင် ချိတ်ထားသော ရေဘူးမှ ရေစက်များသည် မြင်း၏ ပခုံးပေါ်သို့ စီးကျနေကြသည်။

အရုဏ်တက်ချိန် နီးလာပြီဖြစ်၍ လရောင်သည် ဖျော့တော့တော့ဖြစ်လာသည်။ ဝိုင်းစက်စက်လမင်းသည် ပင်လယ်ရေပြင်ထက်ဆီသို့ ဖြည်းဖြည်းချင်း ငိုက်ဆင်းလျက်ရှိသည်။ မိသားစုသည် တဲငယ်ရှေ့တွင် ရပ်နေကြသည်။

အမေသည် မက်ပီအား လက်နှစ်ဖက်ဖြင့် သိုင်း၍ ဖက်လိုက်သည်။ "အမေမှာတာ နားထောင်စမ်း"ဟု ပြောသည်။ "မိုးမချုပ်မချင်း ငါ့သားမနားနဲ့ ဘယ်လောက်ပဲ ပင်ပန်းပင်ပန်း လုံးဝမအိပ်နဲ့ မြင်းကိုလည်း ဂရုစိုက်ပါ။ မြင်းသိပ်မောသွားရင် သားအတွက်ခက်သွားမယ်"

မက်ပီက ခေါင်းညိတ်သည်။ အမေ တော်ရီးစ်က သူ့သားမျက်နှာကို စေ့စေ့ကြည့်ကာ ထပ်၍ မှာပြန်သည်။

"ကျည်ဆန်တွေကိုလည်း ချွေတာပြီးသုံး၊ အားလုံးပေါင်းမှ ဆယ်တောင့်ပဲ ရှိတယ်၊ အသားခြောက်တွေကို တစ်ဝတစ်ပြဲ စားမပစ်နဲ့၊ သိပ်များ

mgyoe.com

mgyoe.com

များစားရင် ဗိုက်နာတတ်တယ်။ တစ်ခါစားမှ နည်းနည်းပဲစား အရွက်တွေ ဘာတွေနဲ့ရောစား တောင်မြင့်မြင့်ကြီးတွေပေါ် ရောက်လို့ လူစသူစမြင်ရင် သူတို့နားမသွားနဲ့ သူတို့နဲ့ စကားပြောဖို့လည်း မကြိုးစားနဲ့၊ ပြီးတော့ ငါ့သား ဘုရားရှိခိုးဖို့ မမေ့နဲ့"

အမေ တော်ရီးစ်က မက်ပီ၏ ပခုံးနှစ်ဖက်ကိုကိုင်၍ ခြေဖျားထောက်ကာ ပါးနှစ်ဖက်ကို နမ်းသည်။ မက်ပီကလည်း သူ့အမေ၏ ပါးနှစ်ဖက်ကို ပြန်၍နမ်းသည်။ ထို့နောက် အေမဲယိုးနှင့် ရိုစီတို့ထံသွားကာ ပါးများကိုနမ်း၍ နှုတ်ဆက်သည်။

မက်ပီသည် အမေ့ထံ ပြန်လျှောက်လာသည်။ သူသည် အမေ့မျက်လုံးများကို စေ့စေ့ကြည့်၍ အကဲခတ်သည်။ အမေ့မျက်လုံးများတွင် နူးညံ့ပျော့ပျောင်းမှုနှင့် ဝမ်းနည်းကြေကွဲမှု စသည့် အားနည်းချက်တွေ ရှိနေလေမလား။

သို့သော်လည်း သူခန့်မှန်းထားသည့် အရာများကို မမြင်ရ။ မတွေ့ရ။ အမေ့မျက်လုံးသည် ခက်ထန်တင်းမာလျက်ပင်ရှိ၏။

"ကဲသားသွားတော့"ဟု အမေကပြောသည်။ "ကြက်ပေါက်စလေး တစ်ကောင် အဖမ်းခံရသလိုအဖြစ်မျိုးနဲ့ ကြုံနေမယ်။ အချိန်ဖြုန်းနေလို့ မဖြစ်ဘူး"

မက်ပီသည် တောင်ကြားတစ်ခုဆီသို့ ဦးတည်၍ သူ့မြင်းကိုနှင်သည်။ ထိုတောင်ကြားမှတစ်ဆင့် တောင်တန်းကြီးများဆီကူးရန် ရည်မှန်းချက်ရှိထားသည်။ မက်ပီ ခရီးစထွက်ချိန်တွင် အရုဏ်ဦးရောင်ခြည်သည် ကောင်းကင်ပြင်တွင် ထိုးဖောက်ဝင်ရောက်စပြုနေပြီ။ လ၏အရောင်နှင့် နေ့၏ အရောင်တို့သည် သူနိုင်ကိုယ်နိုင် အပြိုင်ကြဲလျက်ရှိကြ၏။ ဤစစ်ပွဲကြားတွင် ပတ်ဝန်းကျင်ကို ပြက်ပြက်ထင်ထင် မြင်တွေ့နိုင်ဖို့ မလွယ်။

မက်ပီ ထွက်လာ၍ ကိုက် ၁၀၀ မပြည့်ခင်မှာပင် သူ့တစ်ကိုယ်လုံးအား မြူများဖုံးသွားသည်။ သူ့မြင်းတောင်ကြားထဲသို့ မဝင်မီမှာပင် သူ့ရုပ်လွှာကို ပီပြင်ထင်ရှားစွာ မမြင်ရတော့။

အမေ တော်ရီးစ်သည် တဲတံခါးဝ လှေကားခုံပေါ်၌ ရပ်နေသည်။ သူ့ဘေးတစ်ဖက်တစ်ချက်တွင်မူ အေမဲယိုးနှင့် ရိုစီ။ မောင်နှမ နှစ်ယောက်သည် အမေ တော်ရီးစ်၏ မျက်နှာကို မကြာခဏခိုး၍ကြည့်သည်။

mgyoe.com


မှုန်မှိုင်းမှိုင်းဖြစ်နေသော မက်ပီ၏ရုပ်လွှာသည် တောင်ကြားအတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။ ထိုအခါကျမှပင် အမေ တော်ရီးစ်သည် သက်ပြင်းချသည်။

သူ့ရင်သည် ပေါ့သွားသည်။ ကိုယ်စိတ်နှစ်ပါး တင်းမာနေရာမှ ပျော့ကျသွားသည်။ ထိုအခါကျမှပင် အမေ တော်ရီးစ်၏ မျက်လုံးမှ မျက်ရည်များ ထွက်အံ့ကျလာကြသည်။

"ချစ်စရာကောင်းတဲ့သားလေး ငါ့သားလူချော လူလုကလေး ငါတို့မိသားစုကို အကာအကွယ်ပေးမယ့် သတ္တိခဲကလေး၊ သွားရှာပြီ"ဟု မြည်တမ်းသည်။ သူ့ဘေးမှ အေမဲယိုးနှင့် ရိုစီတို့ကလည်း ရှိုက်ကြီးတငင် ငိုကြွေးကြသည်။ လူတို့၏ သဘောအရ စိတ်ထိခိုက်လွန်း၍ ငိုကြွေးကြခြင်းဖြစ်၏။

ကြာလာတော့လည်း ငိုကြွေးသံပျောက်သွားပြီး ရှိုက်သံသာ ကြားရတော့သည်။ အမေသည် ချာခနဲလှည့်ကာ တဲအတွင်းသို့ ဝင်သွားပြီး တဲတံခါးကို ပိတ်လိုက်သည်။

အေမဲယိုးနှင့် ရိုစီတို့သည် အရဏ်အလင်းရောက်အောက်တွင် ယောင်တီးယောင်နဖြင့် ရပ်နေကြသည်။ တဲအတွင်းမှ အမေ့ငိုသံကို ဆက်၍ ကြားနေရပြန်သည်။ သူတို့သည် ပင်လယ်ပြင်၏အပေါ်ဘက်ရှိ ကျောက်ဆောင်တစ်ခုပေါ် တက်၍ ထိုင်ကြသည်။

"မက်ပီ ဘယ်တုန်းက လူကြီးဖြစ်သွားတာလဲ"ဟု အေမဲယိုးက မေး၏။

"မနေ့ညကပေါ့"ဟု ရိုစီက ဖြေသည်။

"မနေ့ညက မွန်ထရေးမြို့ထဲမှာ ဖြစ်လာတာ"

ပင်လယ်ပြင်တွင် နီရဲရဲအရောင်များ ထင်ဟပ်လာသည်။ တောင်တန်းများ နောက်ဘက်မှ နေမင်းသည် အထက်ဘက်သို့ မြင့်တက်လာနေပြီ။

"ငါတို့ ဒီနေ့ မနက်စာ စားရမှာ မဟုတ်ဘူး"ဟု အေမဲယိုးက ပြောသည်။

"အမေက ချက်ချင်မှာ မဟုတ်ဘူး"

ရိုစီက ဘာမှ ပြန်မပြော။

"မက်ပီက အခု ဘယ်သွားမှာလဲ"ဟု ထပ်မေးပြန်သည်။

mgyoe.com

mgyoe.com


ရိစီက လှည့်ကြည့်သည်။

"သူ ခရီးထွက်သွားတာပဲ၊ ဘယ်တော့မှ.... ပြန်လာမှာ မဟုတ်တော့ဘူး"

"သူ သေသွားပြီလား.....သူ သေသွားပြီလို့ ထင်...ထင်သလား ဟင်"

ရိစီက ပင်လယ်ပြင်ဘက်သို့ မျှော်ကြည့်သည်။ မိုးကုပ်စက်ဝိုင်းဆီမှ တလူလူ တက်နေသည့် မီးခိုးငွေ့များကို မြင်သည်။ မိမိတို့ဘက်သို့လာနေသည့် သင်္ဘောတစ်စီး။ သူသည် သက်ပြင်းချသည်။

"သူ မသေသေးပါဘူးဟယ်"ဟု ရိစီက ပြောသည်။

"အခုထက်ထိတော့ သူ မသေသေးပါဘူး"

မက်ပီသည် သူ့ရိုင်ဖယ်သေနတ်ကို သူ့ရှေ့ရှိ မြင်းကုန်းနှီးပေါ်၌ ကန့်လန့်ဖြတ်တင်၍ ကိုင်ထားသည်။ သူသည် တောင်ကုန်းထက်သို့ တက်ရန် မြင်းဇက်ကြိုးကို လွှတ်ပေးထားသည်။ ထို့နောက် ကျောက်ခဲများ ထူထပ်ပေါ၊များရာ တောင်ကုန်း၏တစ်ဖက် ဆင်ခြေလျှောအတိုင်း ဆင်းသည်။

တောင်ကြားအထဲသို့ ရောက်သည့်အခါ နောက်သို့ တစ်ချက်လှည့်ကြည့်သည်။ သို့သော်လည်း မြူများ ဖုံးအုပ်နေသဖြင့် ဘာကိုမှ သဲသဲကွဲကွဲမမြင်ရ။ မက်ပီသည် ရှေ့သို့ပြန်လှည့်ကာ မြင်းကိုဆက်နှင်သည်။ တောင်ကြားအတွင်းသို့ ဝင်သည်။

တောင်ကြားလမ်းသည် သစ်ရွက်ဆွေးများ၊ ကျောက်စကျောက်နများနှင့် မြေကြီးများ ရောထွေးပေါင်းစပ်နေသည့် လမ်းဖြစ်သည်။ ထိုလမ်းအတိုင်းလိုက်သွားပြီးနောက် မကြာမီမှာပင် စမ်းချောင်းတစ်ခုဆီသို့ ရောက်သည်။

စမ်းချောင်းသည် ရေစီးညင်သာသည်။ နံနက်ခင်းနေရောင်ခြည်အောက်ဝယ် ရေပြင်သည် တလက်လက်တောက်ပနေသည်။ ရေအောက်တွင် ကျောက်တုံးသေးသေးများ ဟိုတစ်စု သည်တစ်စုရှိနေကြသည်။

လမ်းသည် စမ်းချောင်းကိုဖြတ်၍ တစ်ဖက်ကမ်းပါးပေါ်သို့ တက်သွားသည်။ မြင်းသည် စမ်းချောင်းကို အဖြတ်တွင် တစ်ခဏမျှရပ်သည်။

မက်ပီက ချက်ချင်း ဇက်ကြိုးကို လျှော့ပေးလိုက်သည်။ မြင်းသည် ညင်သာစွာ စီးဆင်းနေသောရေကို စုပ်၍စုပ်၍သောက်နေသည်။

တောင်ကြား၏ တစ်ဖက်တစ်ချက်မှ နံရံများသည် မတ်စောက်လှmgyoe.com

mgyoe.com

သည်။ လမ်း၏ဝဲယာတွင် သစ်ပင်ကြီးများ ခြံရံနေသည်။

သေးသေးကွေးကွေးသစ်ပင်များမဟုတ်။ လုံးပတ်ကြီးကြီးနှင့် မြင့်မားသော အပင်ကြီးများ ဖြစ်သည်။ စိမ်းလန်းသော သစ်ရွက်များနှင့် သစ်ကိုင်းသစ်ခက်များသည် ပိတ်ဆို့ကာဆီးလျက်ရှိကြ၏။

သစ်ပင်ကြီးများကြားသို့ ရောက်သွားသော မက်ပီသည် နေရောင်ကို မမြင်ရတော့ပေ။ မိုးကောင်းကင်နှင့်လည်း အဆက်ပြတ်သွားသည်။

မက်ပီသည် ရေဘူးကိုယူ၍ ရေတစ်ကျိုက်မော့သည်။ ဆာလာအိတ်ထဲမှ အသားခြောက်တစ်စကို ယူ၍ ပါးစပ်ထဲထည့်ကာ သွားများနှင့်ကြိတ်ဝါးသည်။ ဝါး၍ပွဲလာသည့် အသားစကို မျိုချလိုက် ရေကိုတစ်ငုံမော့လိုက်လုပ်သည်။

သူ့မျက်လုံးများသည် ပင်ပန်းနွမ်းနယ်ခြင်းကို ဖော်ပြနေကြသည်။ လမ်းပေါ်မှမြေသည် မည်းနက်နေသည်။ မြင်းခွာသံသည် တောင်ကြားထဲတွင် ပဲ့တင်ထပ်လျက်ရှိသည်။

တစ်နေရာတွင် အမြင့်ဘက်မှ စီးဆင်းလာနေသော စမ်းချောင်းတစ်ခုနှင့် ဆုံမိသည်။ ကျောက်တုံးကျောက်စွန်းများကြားမှ တိုးဝှေ့စီးဆင်းလာနေခြင်းဖြစ်သည်။

ဥရင်ကောက်ပင်များသည် ရေပြင်ဘက်သို့ ကွေးညွတ်ကျနေကြသည်။ မက်ပီသည် သစ်ပင်တစ်ပင်မှ သစ်ရွက်အနည်းငယ်ကိုခူးယူပြီး ပါးစပ်ထဲထည့်၍ ဝါးသည်။

ရုတ်တရက် မက်ပီသည် နောက်သို့ချာခနဲလှည့်ကြည့်သည်။ မြင်းကိုဖိနပ်သံချွန်ဖြင့် တစ်ချက်တို့ကာ သစ်ပင်ကြီးတစ်ပင်နောက်သို့ဝင်သည်။

မြင်းဟီလိုက်မည်ကို စိုးရိမ်သဖြင့် ဇက်ကြိုးကို တအားကုန်ဆွဲထားသည်။ သူ့မျက်နှာသည် တစ်စုံတစ်ခုအပေါ်၌ အာရုံစူးစိုက်လျက်ရှိခြင်းကို ဖော်ပြနေသည်။

မြင်းခွာသံကြားရသည်။ တောင်ကြားလမ်းအတိုင်း စိုင်းဝင်လာသည့် မြင်းသမားတစ်ယောက်။ ပါးနှစ်ဘက်က နီရဲရဲမုတ်ဆိတ်မွေးများက ဖွေးဖွေး၊ လူပုံပန်းက ဝဝဖိုင့်ဖိုင့်။

မြင်းသမားသည် ဘေးပတ်ဝန်းကျင်တွင် စိတ်မဝင်စား သူ့လမ်းသူ
mgyoe.com

mgyoe.com


သွားသည်။

မြင်းခွာသံသည် တဖြည်းဖြည်းဝေးသွားပြီး နောက်ဆုံးတွင် ပျောက်သွားသည်။ မက်ပီသည် သစ်ပင်ကြီးနောက်မှပြန်ထွက်လာသည်။ လမ်းပေါ်သို့ ပြန်ရောက်သွားသည်။

သူ့စိတ်သည် စောစောကလောက် ဂနာမငြိမ်၊ နားအေးပါးအေးလည်းမရှိ။ သူသည် ရိုင်ဖယ်သေနတ်ကို လက်တစ်ဖက်နှင့် ခပ်တင်းတင်းဆုပ်ကိုင်ထားသည်။

လမ်းသည် တဖြည်းဖြည်းနှင့် မတ်စောက်စောက် ဖြစ်လာသည်။ သစ်ပင်များသည်လည်း ကျိုးတိုးကျဲတဲ၊ အပင်များသည် စောစောကလောက်မကြီးတော့။

မြင်းကတော့ သူ့လမ်းသူဆက်၍သွားမြဲသွားလျက်ရှိသည်။ နေသည် တဖြည်းဖြည်းချင်း မြင့်တက်လာနေရာမှ အနောက်ဘက် ကောင်းကင်ဆီသို့ သက်ဆင်းသွားလျက်ရှိ၏။

တောင်ကြားမှအထွက်တွင် မက်ပီသည် မြင်းပေါ်မှဆင်းသည်။ သူ့မြင်းကို လမ်းဘေးတစ်ဖက်ရှိ စမ်းချောင်းဆီသို့ ဆွဲသွားပြီး ရေတိုက်သည်။

သူ့ရေဘူးကိုယူ၍ ရေအပြည့်ဖြည့်သည်။ ဤနေရာတွင် လမ်းသည် စမ်းချောင်းနှင့် တခြားစီခွဲထွက်လာသည်။ သစ်ပင်များကို မမြင်ရတော့။

လမ်းဘေးဝဲယာတွင် ချုံများနှင့် နွယ်ပင်များကိုသာ တွေ့လာရသည်။ မြေသည် စောစောကလို ပျော့ပျောင်းခြင်းမရှိတော့။

အညိုရောင်ကျောက်ခဲများဖုံးလွှမ်းနေသည့်မြေသည် မာကျောလှသည်။ မြင်းခွာသံကြောင့် ဖွတ်၊ ပုတတ် စသော ပိုးကောင်မွှားကောင်များသည် လမ်းပေါ်မှနေ၍ ကစဉ့်ကလျားထွက်ပြေးကာ နီးရာချုံများကြားသို့ တိုးဝင်သွားကြသည်။

မက်ပီသည် မြင်းပေါ်မှနေ၍ နောက်သို့ လည်ပြန် လှည့်ကြည့်သည်။ သူသည် သစ်ပင်ဟူ၍ လုံးဝမရှိတော့သည့် ကွင်းခေါင်ခေါင်ထဲ၌ ရောက်နေလေပြီ။ ဘယ်ဘက်ကပဲ လှမ်းကြည့်ကြည့် သူ့ကိုမြင်နိုင်နေပြီဖြစ်၏။

သူဆက်လာခဲ့ရသည့် ခရီးလမ်း ပတ်ဝန်းကျင်သည် စောစောကထက်ပို၍ကြမ်းတမ်းခြောက်သွေ့လာသည်။ လမ်းသည် အချို့နေရာများတွင်

mgyoe.com

mgyoe.com


ကျောက်ဆောင် ကျောက်တုံးကြီးများအား ရှောင်ကွင်းကွေ့ပတ်၍သွားရသည်။

အညိုရောင် ယုန်ငယ်များသည် ခုန်ပေါက်ပြေးလွှားကာ ချုံပင်များနောက်သို့ ဝင်ပုန်းကြသည်။ သူ့ခေါင်းအထက်မှ စူးစူးရှရှအော်လိုက်သည့်ငှက်အော်သံ။

အရှေ့ဘက်သို့မျှော်ကြည့်လိုက်သည့်အခါ ကျောက်တုံးများ လွှမ်းနေသည့် တောင်ကတုံးများ။ အရောင်အဆင်းက သွေ့ခြောက်ခြောက်။

နေရောင်အောက်တွင် ဖြူရော်ဖျော့တော့သည့်အဆင်းကို ဆောင်နေကြသည်။ မြင်းသည် အမြင့်ဘက်သို့ ဖြည်းဖြည်းမှန်မှန်တက်သွားနေသည်။ လမ်းသည် တောင်ကြားလမ်းတည်ရှိရာ ကုန်းတစ်ကုန်းဆီသို့ ဦးတည်နေသည်။

မက်ပီသည် ကိုယ်ရောစိတ်ပါ ဂနာမငြိမ်ဖြစ်လျက်ရှိ၏။ သူသည် မိနစ်ပိုင်းနှင့်အမျှ နောက်သို့ လှည့်လှည့်ကြည့်သည်။ သူရှေ့ဘက် မြင်ကွင်းအတွင်းမှ တောင်ကုန်းများဆီသို့လည်း မကြာမကြာလှမ်းကြည့်သည်။

သူ့စိတ်တွင် သံသယသည် ကြီးထွားလာလျက်ရှိ၏။ တစ်ကြိမ်တွင် သူ့မျက်လုံးများသည် တောင်ကတုံးတစ်ခု၏ထိပ်ပေါ်၌ မည်းမည်းရုပ်လွှာတစ်ခုကို မြင်သည်။ သူသည်အကြည့်ကိုချက်ချင်းလွှဲဖယ်ပစ်လိုက်၏။

ဤနေရာမျိုး၌ လူရိပ်လူခြေမြင်လျှင် စိတ်ဝင်တစားကြည့်နေ၍မဖြစ် ထိုလူစားများသည် အခုလိုပင် တစ်နေရာ၌ ရပ်ကာ စောင့်ကြည့်နေတတ်သည်။ ဘယ်သူဘယ်ဝါတွေဟူ၍လည်း တိတိကျကျမသိ၊ ဘယ်မှာနေကြသည်ဟူ၍လည်း ဂဃနဏမပြောနိုင်။ သူတို့ကိုတွေ့လျှင် လုံးဝဂရုမစိုက်ဘဲ ရှောင်ကွင်းသွားဖို့သာ အရေးကြီးသည်။ ထိုလူစားများသည် ကိုယ့်လမ်းကိုယ်သွားနေလျှင် အနှောင့်အယှက်ပေးလေ့မရှိ။

လေထဲတွင် ဖုန်မှုန့်များ ပါလာလျက်ရှိသည်။ လေ၏တိုက်စားမှုကြောင့် တောင်ကုန်းများပေါ်မှ လွင့်ပါလာနေကြသည့်ဖုန်များဖြစ်၏။ မက်ပီသည် ရေဘူးကို ဖြုတ်ကာ ရေတဝသောက်လိုက်သည်။ အဖုံးကို ကျပ်သွားအောင် အားထုတ်၍ပိတ်လိုက်ပြီး မြင်းကုန်းနှီးတွင် ပြန်ချိတ်လိုက်သည်။

သူ့မြင်းသည် တောင်ကုန်းဆီသို့တက်သွားသည်။ ကျောက်တုံးကျောက်

mgyoe.com

mgyoe.com


ခဲကြီးများကို ကွေ့ကာပတ်ကာ သွားနေရသည်။ တောင်ကြားဝသို့ ရောက်သောအခါ မြင်းကို တစ်ခဏမျှ ဇက်သပ်၍ရပ်ကာ လာလမ်းဘက် မျှော်ကြည့်သည်။

အတန်ကြာမျှ အသေအချာ ကြည့်သော်လည်း လူရိပ်လူခြေကို မမြင်ရတော့။ သူလာခဲ့သည့် လမ်းမပေါ်တွင်လည်း လူစလူန မမြင်ရ။

မက်ပီသည် တောင်ကြားလမ်းအတွင်းသို့ဝင်လာခဲ့သည်။ အဆမတန် ပင်ပန်းနွမ်းနယ်မှုကြောင့် သူ့မျက်လုံးများသည် စင်းနေသည်။ အိပ်ချင်လှပြီ သို့သော်လည်း မျက်နှာထားကတော့ တည်ငြိမ်တင်းမာဆဲ။ တောင်တန်းများပေါ်မှ ဖြတ်သန်းတိုက်ခိုက်လာသော လေသည် တောင်ကြားလမ်းအတွင်းသို့ တရွှီးရွှီးအော်မြည်ကာ ဝင်ရောက်လာလျက်ရှိသည်။

ကောင်းကင်ထက်ရှိ လေထဲတွင် သိန်းငှက်တစ်ကောင်သည် တစ်ရစ်ပတ်ပတ် ပျံဝဲကာ ဒေါသတကြီး အော်မြည်လျက်ရှိသည်။ မက်ပီသည် တောင်ကြားလမ်းအတိုင်း လိုက်ကာ အခြားတစ်ဖက်သို့ ငုံ့ကြည့်သည်။

အခြားတစ်ဖက်ရှိ အနိမ့်ပိုင်းတွင် ချုံနွယ်ပိတ်ပေါင်းများ လွှမ်းခြုံထားသည့် ကွင်းပြင်တစ်ခုရှိသည်။ ယင်းကွင်းပြင်၏ အခြားတစ်ဖက်တွင် မြေနိမ့်ပိုင်းတစ်ခုရှိ၏။ ထိုမြေနိမ့်ပိုင်းပေါ်တွင် ဝက်သစ်ချပင်များ ရှိသည်။ မြက်ပင်စိမ်းစိမ်းများလည်း ရှိသည်။ ထိုမြေနိမ့်လွင်ပြင်၏ နောက်ဘက်တွင် တောင်တန်းတစ်ခုရှိ၏။ ထိုတောင်တန်းများပေါ်တွင် ကျောက်တုံး၊ ကျောက်ခဲများနှင့် ခြောက်သယောင်းနေကြသည့် ချုံနွယ်ပိတ်ပေါင်းများ။

မက်ပီသည် ရေဘူးကိုဖြုတ်၍ တဝ သောက်ပြန်သည်။ လေက ခြောက်သွေ့လွန်းသဖြင့် အသက်ရှူ၍မဝ။ သူ့နှာခေါင်းများသည် ပိတ်ဆို့ထားခြင်းခံရသလို ဖြစ်နေသည်။ သူ့နှုတ်ခမ်းများသည်လည်း အဆမတန် ခြောက်သွေ့လာသည်။

သူသည် မြင်းကို တောင်စောင်းအတိုင်း ဆင်းရန် ဇက်ကြိုးကို လွှတ်ပေးထားသည်။ မြင်းသည် အောက်ဘက်ရှိမြေပြင်ပေါ်မှ ကျောက်တုံးကျောက်ခဲများအပေါ်တွင် ခြေချော်၍မလဲရန် သတိကြီးစွာထား၍ လှုပ်ရှားနေသည်။ မြင်း၏ခွာအောက်မှ ကျောက်ခဲများသည် တောင်စောင်းဆင်ခြေလျှောတစ်လျှောက် လိမ့်ဆင်းသွားနေကြသည်။

mgyoe.com

mgyoe.com


အခုဆိုလျှင် နေသည် အနောက်ဘက် တောင်တန်းများနောက်သို့ ငုပ်လျှိုးကွယ်ပျောက်ပေတော့မည်။ သို့သော်လည်း အလင်းရောင်ကတော့ ဝက်သစ်ချပင်များနှင့် မြေပြန့်လွင်ပြင်ဆီသို့ ထိုးကျနေဆဲ။

မက်ပီသည် အဆမတန် ခြောက်သယောင်းနေသော တောင်ကုန်းဆီသို့ တစ်ချက်မျှမျှော်ကြည့်သည်။ အရိပ်မည်းမည်းသဏ္ဌာန်တစ်ခုကို မြင်တွေ့ရပြန်၏။

ကျောက်တုံးတစ်တုံးပေါ် ရပ်နေသည့် လူတစ်ယောက် မက်ပီသည် ထိုလူကိုမြင်လျှင်မြင်ချင်း သူ့အကြည့်ကို ကပျာကယာလွှဲဖယ်ပစ်လိုက်သည်။ နောက်တစ်ခဏမျှ အကြာတွင် သူသည် တောင်ထိပ်ဆီသို့ နောက်တစ်ကြိမ် ထပ်ကြည့်သည်။ စောစောက မြင်ခဲ့ရသော လူသည် ထိုနေရာတွင် မရှိတော့။

ဆင်ခြေလျောအဆင်း ခရီးသည် မြန်ဆန်လှ၏။ တစ်ခါတစ်ရံတွင် မြင်းသည် ကျောက်တုံးကျောက်ခဲများကို နင်းမိပြီး ခြေချော်လက်ချော်ဖြစ်သည်။ သို့သော်လည်း မြင်းသည် ခြေကုပ်ရအောင် လိမ္မာပါးနပ်စွာ ထိန်း၍ ဆင်းသည်။

နောက်ဆုံးတွင် သူတို့သည် တောင်ကုန်းခြေရင်းသို့ ဆိုက်ရောက်သွားကြသည်။ မက်ပီသည် ရိုင်ဖယ်သေနတ်ကို လက်တစ်ဖက်ဖြင့် ထိန်းကာ ကျန်တစ်ဖက်ဖြင့် သူ့မျက်နှာကို ဆူးကိုင်းများ မခြစ်မိအောင် ကာထားသည်။

မက်ပီသည် ချောက်ကမ်းပါးတစ်ခုကို တက်လာခဲ့သည်။ ရှေ့တည့်တည့်တွင် မြက်ခင်းများ ဖုံးလွှမ်းနေသည့် မြေပြန့်လွင်ပြင်တစ်ခု။ လွင်ပြင်ထက်တွင် ဝက်သစ်ချပင်အချို့ ရှိသည်။ မက်ပီသည် တစ်ဘက်သို့မဆင်းခင် သူလာရာ လမ်းဘက်သို့ အတန်ကြာမျှ မျှော်ကြည့်သည်။ ကွင်းပြင်ထဲတွင် လှုပ်ရှားမှုဟူ၍ တစ်ချက်မျှမမြင်ရ။ ဘာသံမှလည်း မကြားရ။

နောက်ဆုံးတွင် သူသည် သူ့ရှေ့ရှိ ကွင်းပြင်ထဲသို့ဆင်းခဲ့သည်။ ကွင်းပြင်၏ အစွန်းတစ်ဘက်တွင်မူ စမ်းချောင်းငယ်တစ်ခု။ မြေပြင်ထဲမှ စိမ့်ထွက်နေသည့်ရေဖြစ်သည်။ ထိုရေသည် ကွင်းပြင်ကိုဖြတ်၍ စီးဆင်းနေသည်။

မက်ပီသည် သူ့ရေဘူးကို အရင်ဆုံးရေဖြည့်သည်။ ထို့နောက် ရေငတ်နေသော မြင်းကို ရေတိုက်သည်။ သူသည် မြင်းကို ဝက်သစ်ချပင်အုပ်အုပ်ဆီသို့ ဆွဲယူသွားသည်။ တောအုပ်အလယ်သို့ ရောက်သည့်အခါ အစစ

mgyoe.com

အရာရာ လုံခြုံသလို ဖြစ်သွားသည်။

အရပ်လေးမျက်နှာမှ ကြည့်၍ မမြင်နိုင်သည့်နေရာဖြစ်၏။ သူသည် မြင်းပေါ်မှ ကုန်နှီးများကို ဖြုတ်သည်။ မြင်း၏လည်ပင်းကိုကြိုးတစ်ချောင်းဖြင့် ချည်ကာ ဝက်သစ်ချပင်တစ်ပင်တွင် ချည်ထားလိုက်သည်။ မြင်းသည် အနီးအနား ပတ်ဝန်းကျင်မှ မြက်များကို လွတ်လပ်စွာ စားခွင့်ရနေပြီဖြစ်၏။

မြင်းသည် မြက်ခြောက်များကို အငမ်းမရ စားလျက်ရှိသည်။ မက်ပီသည် မြင်းကုန်နှီးတွင် ချိတ်ထားသည့် ဆာလာအိတ်ထဲမှ အသားခြောက်တစ်ခုကို ထုတ်ယူသည်။ တောအုပ်၏ အစွန်းရှိ ဝက်သစ်ချပင်ကြီးဆီသို့ လျှောက်လာခဲ့သည်။

ထိုသစ်ပင်အောက်မှနေကြည့်လျှင် လာလမ်းကို မြင်တွေ့နေရ၏။ သူသည် အပင်အောက်ရှိ ဝက်သစ်ချအရွက်များပေါ်၌ ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ သူ့လက်ထဲမှ အသားခြောက်ကို လှီးရန် သူ့ဓားမြှောင်ကို စမ်းသည်။ သူ့တွင်ဓားမြှောင်မရှိတော့။ သူသည် ဝက်သစ်ချပင်အနီးတွင် တံတောင်များထောက်၍ လှဲလိုက်သည်။ သူသည် အသားခြောက်ကို ပါးစပ်ထဲ ထိုးထည့်ပြီး ဝါးသည်။

အလင်းရောင်သည် အရှေ့ဘက်ရှိ တောင်ကုန်းများပေါ်သို့ ကျဆင်းနေဆဲဖြစ်သော်လည်း လွင်ပြင်ဘက်တွင်မူ အမှောင်ရိပ်များသန်းနေပြီ။ ချိုးများသည် တောင်ကုန်းများ ဆီမှနေ၍ ရေအိုင်ရှိရာသို့ ပျံသန်းလာကြသည်။ ငုံးများသည် ချုံပုတ်များအတွင်းမှ ထွက်လာကြပြီး ရေအိုင်ရှိရာသို့ ရောက်လာကြ၏။ တကျီကျီ တကျာကျာ အော်မြည်လျက် ရှိကြသည်။

မက်ပီသည် ချုံပုတ်များဘက်မှ ဖျတ်ခနဲပေါ်လာသည့် အရိပ်တစ်ခုကို ဖျတ်ခနဲမြင်လိုက်သည်။ ဘာပါလိမ့်၊ သူသည် နောက်သို့လှည့်ကြည့်သည်။ ရေအိုင်ဆီသို့ လျှောက်သွားနေသည့် တောကြောင်တစ်ကောင်။ တောကြောင်သည် မြေပြင်တွင် ဗိုက်နှင့် ရှပ်တိုက်ကာ ဖြည်းဖြည်းချင်းတွားသွားလျက်ရှိသည်။

မက်ပီသည် သူ့ရိုင်ဖယ်သေနတ်ကို မောင်းတင်လိုက်သည်။ သေနတ်ပြောင်းဝကို တစ်ဖက်သို့ လှည့်ထားလိုက်သည်။ ထို့နောက် သူသည် လာလမ်းဘက်သို့ မျှော်ကြည့်သည်။

mgyoe.com

mgyoe.com


သူ့ဘေား မြေပြင်ပေါ်မှ ဝက်သစ်ချသားတစ်ချောင်းကို ကောက်ယူကာ ရေအိုင်ဘက်သို့ ပစ်ပေါက်လိုက်သည်။ ငုံးများသည် လန့်ဖျပ်ကာ ထပျံကြသည်။ ချိုးများသည်လည်း ဝှီးခနဲပျံသန်းကြသည်။ တောကြောင်သည် မြေတွင်ဝပ်၍ ရေသောက်နေရာမှ ထထိုင်သည်။ သူသည် မက်ပီအား အချိန်အတော်ကြာမျှ စိုက်ကြည့်နေသည်။ ထို့နောက် ကြောက်ရွံ့သည့်လက္ခဏာ မပြဘဲ ချုံပုတ်များဆီသို့ လျှောက်သွားကာ ဝင်ရောက်ပျောက်ကွယ်သွားသည်။

တောင်ကြား လွင်ပြင်ထက်တွင် အမှောင်ရိပ်များ လွှမ်းခြုံသွား၏။ မက်ပီသည် ဘုရားရှိခိုးသည်။ ပြီးလျှင်ပြီးချင်း သူ့လက်မောင်းတစ်ဖက်တွင် ခေါင်းတင်ကာ မှိန်းသည်။ ချက်ချင်းပင် အိပ်မောကျသွားလေသည်။

လသည် အရှေ့ဘက် ကောင်းကင်ပြင်တွင် မြင့်တက်လာသည်။ တောင်ကြားတစ်ခုလုံးကို အေးမြသော လရောင်က လွှမ်းခြုံသွားသည်။

တောင်ထိပ်ဖျားဆီမှ လေသည် တောင်ကြားလွင်ပြင်ဆီသို့ အဆက်မပြတ်ဆင်းလာလျက်ရှိ၏။ ဓိးကွက်များသည် လှုပ်ရှားလာကြပြီ။ အလှမ်းဝေးဝေး တစ်နေရာရှိ ချုံပုတ်များဆီမှ ကိုယိုတီ ဝံပုလွေ တစ်ကောင်၏အူသံ။ ဝက်သစ်ချပင်ကြားမှ အော်ဟစ်ညည်းတွားနေသည့် လေသံ။

မက်ပီသည် ဖျတ်ခနဲထိုင်ကာ နားစွင့်သည်။ သူ့မြင်း၏ နှာမှုတ်သံများကို ပထမကြားရသည်။ လသည် အနောက်တောင်ဘက်တောင်ကုန်းထက်တွင် မေးတင်လျက်ရှိပြီ။ တောင်ကြားလွင်ပြင်သည် မှောင်နှင့်မည်းမည်း။ မက်ပီသည် ရိုင်ဖယ်သေနတ်ကို မြဲမြဲစွာ ဆုပ်ကိုင်ပြီး ငြိမ်ဆိတ်နေသည်။ သူလာခဲ့ရာလမ်းဘက်ဆီမှ မြင်းဟီသံနှင့် မြင်းခွာသံများ ခပ်သဲ့သဲ့ကြားနေရသည်။

သူသည် ထိုင်နေရာမှ ဖြုန်းခနဲ ခုန်ထလိုက်ပြီး သူ့မြင်းကို ပြေးဆွဲသည်။ မြင်းကုန်းနှီးကို ကပျာကယာပြန်တင်သည်။ ရုန်းကန်နေသည့် မြင်း၏ပါးစပ်တွင်းသို့ ပါးချပ်ကြိုးများဇွတ်ထိုးသွင်းသည်။ အသားခြောက်အိတ်နှင့် ရေဘူးရှိမရှိ မြင်းကုန်းနှီးပေါ် စမ်းကြည့်သည်။ ထို့နောက် သူသည် မြင်းပေါ်ကို လွှားခနဲခုန်တက်ကာ တောင်ကုန်းဘက်ဆီသို့ စိုင်းသည်။ ပတ်ဝန်းကျင်တစ်ခွင်လုံး မှောင်မည်းလျက်ရှိ၏။ မြင်းသည် တောင်ကြားလမ်းအဝင်ပေါက်ကို ရှောရှောရှုရှုရှုရှာတွေ့သည်။ တစ်ချို့ တစ်ချို့တွင် ကျောက်ခဲ

mgyoe.com

mgyoe.com
များကို နင်းမိသဖြင့် ခြေချော်လက်ချော်ဖြစ်သည်မှ တစ်ပါး တခြားဘာမှ ကြီးကြီးကျယ်ကျယ်မဖြစ်။ မက်ပီ၏ လက်တစ်ဖက်သည် သူ့ဦးခေါင်းစမ်း သပ်ကြည့်သည်။ ခေါင်းပေါ်တွင် သူ့ဦးထုပ်မရှိတော့။ ဤဦးထုပ်ကို သူအိပ် မောကျခဲ့ရာ ဝက်သစ်ချပင်အောက်၌ ထားခဲ့သည်မဟုတ်ပါလော။

နံနက်အရုဏ်တက်လုနီးချိန်တွင် မက်ပီ၏ မြင်းသည် တောင် ကုန်း တစ်ခုပေါ်သို့ ခက်ခဲပင်ပန်းစွာ ရုန်းတက်လျက်ရှိသည်။ ပတ်ဝန်းကျင် တွင် လင်းတစ်ဝက်၊ မှောင်တစ်ဝက် မက်ပီသည် မြင်းဇက်ကိုလျှော့ပေးထား သည်။ တစ်ခါတစ်ရံတွင် သူ့ခြေထောက်များသည် ချုံနွယ်များနှင့်ဝင်ငြိ တတ်သည်။ သူ့ ဒူးတစ်ဖက်မှ ဂျင်းဘောင်းဘီတစ်စသည် ဆူးချုံတစ်ချုံ ဆွဲဖြဲရာနောက်သို့ ပါသွားခဲ့လေပြီ။

တဖြည်းဖြည်းနှင့် အလင်းရောင်သည် တောင်စောင်းထက်သို့ ဖြာ ဆင်းလာသည်။ ခြောက်သယောင်းနေကြသော ချုံပင်များနှင့် ကျောက်တုံး များသည် အလင်းရောင်အောက်တွင် ထိုးထိုးထောင်ထောင်ဖြစ်နေကြ၏။ ထို့နောက် အနွေးဓာတ် သိသိသာသာ ဝင်လာသည်။

မက်ပီသည် မြင်းကိုခဏမျှရပ်ကာ လာလမ်းဆီသို့ မျှော်ကြည့်ပြန် သည်။ အောက်ဘက်ရှိ တောင်ကြားလွင်ပြင်သည် အမှောင်ထုလွှမ်းဆဲ။ လွင်ပြင်ထက်တွင် ဘာကိုမှ မမြင်ရ။ တိုးဝင်လာသော အလင်းရောင်ဖြင့် ကောင်းကင်သည် ပြာလဲ့လဲ့အဆင်းကို ဆောင်နေသည်။ သူ ရောက်နေ သည့် တောင်စောင်းသည် ခြောက်သွေ့လွန်းလှ၏။ ပေါက်ရောက်နေသည့် ချုံပင်များမှာ အမြင့်သုံးပေထက် မပိုကြပေ။

မက်ပီ၏ရင်ထဲတွင် ပေါ့ပါးသလိုလို ဖြစ်လာသည်။ သူသည်မြင်းကို ခဏဇက်သပ်ကာ ရေတစ်ဝသောက်သည်။ အသားခြောက်တစ်ဖဲ့ယူ၍ ဝါး သည်။

သူ့ခေါင်းပေါ်မှ ပျံသန်းသွားသည့် လင်းယုန်ငှက် တစ်ကောင်။ အမြင့် ကြီးမှ ပျံသန်းသွားခြင်းဖြစ်၏။

ရုတ်တရက် မက်ပီ၏မြင်းသည် တစ်ချက်မျှအော်ကာ ဒားတိုက်လဲ ကျသွားသည်။ သူသည် မြင်းပေါ်မှ လိမ့်ကြတော့မလိုဖြစ်သွားသည်။ တောင် ကြားလွင်ပြင်ဘက်မှ ထွက်ပေါ်လာသည့် ရိုင်ဖယ်သေနတ်သံသည် ပဲ့တင်

mgyoe.com

ထပ်မြည်ဟည်းကာ တောင်ကုန်းဆီသို့ ရောက်လာသည်။

ရှန်းကန်လှုပ်ရှားနေသဖြင့် မြင်း၏လက်ပြင်တွင် အပေါက်တစ်ပေါက်။ ထိုအပေါက်မှ သွေးများသည် တရဟော တိုးထွက်လာလိုက်၊ ရပ်သွားလိုက်၊ မြင်းခြေထောက်များသည် မြေပြင်ပေါ်သို့ ကျသွားသည်။

မက်ပီသည် မြင်း၏ ဘေးတွင်ပက်လက်။ သူသည် တောင်ကုန်း အောက်ဘက်သို့ မျှော်ကြည့်သည်။ နောက်ထပ် ထွက်ပေါ်လာသည့် သေနတ်သံသည် တောင်ကြားနံရံများကို ရိုက်ခတ်မြည်ဟည်းသွားသည်။

မက်ပီသည် သူ့အနားမှ ဖြတ်သွားသော ကျည်ဆန်သံကြောင့် ချုံပုတ် တစ်ခုနောက်သို့ အလန့်တကြား ခုန်ဝင်လိုက်မိသည်။

သူသည် မြေပြင်တွင် ဒူးနှစ်ဖက်နှင့် လက်တစ်ဖက်ထောက်၍ တောင် ကုန်းထက်သို့ သွားပြီးတက်သည်။ သူ့ညာဘက်လက်သည် ရိုင်ဖယ်သေနတ် ကို တစ်အားကုန် ဆုပ်ကိုင်ထားသည်။ သူသည် သေဘေးနှင့် ရင်ဆိုင်နေ ရသည့် တိရစ္ဆာန်တစ်ကောင်သဖွယ် အရူးအမူး ရှန်းကန်လှုပ်ရှားနေခြင်း ဖြစ်သည်။

မကြာမီမှာပင်သူသည် စောစောက သူ့ခေါင်းထက်မှ အုပ်မိုးနေသော တောင်စွန်းဆီသို့ ရောက်သွားသည်။ ဤနေရာတွင် ချုံပင်များသည် အတော် ကြီးမြင့်ကြသည်။ သူသည် ခါးကိုကုန်းကာ ချုံကြိုချုံကြားမှ ဖြတ်ပြေးသည်။

အကာအကွယ်ကင်းမဲ့သည် နေရာများသို့ ရောက်သည့်အခါ အလျား မှောက်၍ လေးဘက်သွားရပြန်သည်။ ရိုင်ဖယ်ကိုတော့ လက်လွှတ်မခံရဲ။ သေပြေးရှင်ပြေး သွားနေရသည့်ကြားမှပင် သေနတ်ကို မြဲမြဲစွာ ဆုပ်ကိုင် ထားသည်။ နောက်ပိုင်းတွင်မူ လုံးဝအကာအကွယ်မရှိတော့သည့် နေရာသို့ ရောက်လာသည်။

သူသည် တစ်ခဏမျှ မတ်မတ်ရပ်ကာ အခြေအနေကို စောင့်ကြည့် သည်။ ထို့နောက် ကွင်းပြင်ထဲမှ တစ်ဟုန်ထိုးဖြတ်ပြေးသည်။ ကျောက်တုံး ကြီးတစ်တုံး၏ နောက်ဘက်တွင် ဝင်ရပ်ပြီး အကာအကွယ်ယူသည်။

သူသည် ကျောက်တုံးကို ကျောနှင့်မှီ၍ ရပ်ကာ အမောဖြေသည်။ အသက်ကို မှန်မှန်ပြန်၍ ရှူနိုင်လာသည့်အခါ ကျောက်တုံးများကို အကာ အကွယ်ယူ၍ ရှေ့ဆက်လျှောက်သည်။

mgyoe.com

mgyoe.com

တဖြည်းဖြည်းနှင့် အောက်ဘက်သို့ ချောင်း၍ ကြည့်နိုင်သည့် ကျောက်တုံးကြီးနှစ်တုံးကြားရှိ အပေါက်ဆီသို့ရောက်သွားသည်။ ထိုအခါ မက်ပီသည် ထိုနေရာ၌ အလျားမှောက်ကာ သူ့သေနတ်ကို ရှေ့တွင်ချ၍ အောက်ဘက်သို့ ချိန်ထားလိုက်သည်။

အနောက်ဘက် တောင်တန်းများ၏ အပေါ်ဘက်ရှိ ကောင်းကင်ပြင်သည် နေရောင်ပက်ဖျန်းထားသဖြင့် နီရဲနေသည်။ မြင်း သေလဲကျနေသည့် နေရာဆီမှ ယင်ကောင်များ၏ တဝီဝီပျံဝဲသံများကြားနေရသည်။

ရိုင်ဖယ်သေနတ်ပြောင်းဝ၏ ရှေ့တည့်တည့် မြေပြင်ထက်တွင် အညိုရောက် ငှက်ငယ်တစ်ကောင်။ ငှက်ငယ်သည် မြေပြင်၌ စုပုံနေသော သစ်ရွက်ခြောက်များကို ခြေနှင့် ယက်ကာအစာရှာလျက်ရှိ၏။ စောစောက သူ့ခေါင်းအထက်မှ ပျံသန်းသွားခဲ့သော လင်းယုန်ငှက်သည် အရှေ့ဘက်ဆီသို့ ဦးတည်၍ ပျံသန်းသွားသည်ကို မြင်လိုက်ရသည်။

အောက်အနိမ့်ပိုင်းထဲရှိ အလှမ်းဝေးကွာလှသော ချုံပုတ်တစ်ခုအတွင်းမှ လှုပ်ရှားမှုတစ်ခုကို ရိပ်ခနဲတွေ့လိုက်ရသည်။ သူ့လက်သည် ရိုင်ဖယ်သေနတ်ကို တအားဆုပ်ကိုင်ထားသည်။

ချိုးတစ်ကောင်သည် လမ်းပေါ်တွင် တလှုပ်လှုပ်လျှောက်သွားနေရာမှ လမ်းမကို ဖြတ်လာပြီး ချုံပုတ်တစ်ခုအတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွား၏ ။

မက်ပီစောင့်ကြည့်နေခဲ့သည်မှာ အချိန်အတော်ကြာခဲ့ပြီ။ အခုအချိန်အထိတော့ အောက်ဘက်တွင် ဝက်သစ်ချပင်များမှတစ်ပါး အခြား ဘာကိုမျှ မမြင်ရသေး။

သူသည် အောက်ဘက် ကွင်းပြင်ပေါ်မှ အခြေအနေကို မျက်ခြည်မပြတ်ကြည့်နေဆဲ။ ထိုအခိုက်မှာပင် ချုံပုတ်တစ်ခု၏ နောက်ဘက်မှ လှုပ်ရှားမှုတစ်ခုကို ရိပ်ခနဲ မြင်လိုက်ရပြန်သည်။

မက်ပီသည် မျက်လုံးများကို အားစိုက်၍ နောက်တစ်ကြိမ်ကြည့်ပြန်သည်။ သူသည် လက်ထဲမှ ရိုင်ဖယ်သေနတ်ဖြင့် လှုပ်ရှားမှုရှိနေသည့်နေရာသို့ ကျကျနနချိန်လိုက်သည်။ ချိန်ထားခိုက်မှာပင် နောက်တစ်ဖန် လှုပ်ရှားလာပြန်သည်။ မက်ပီသည် သေနတ်မောင်းကို ဆွဲညှစ်လိုက်သည်။ ဒိုင်းခနဲ

mgyoe.com
မြည် ဟီးသွားသော အသံသည် တောင်စောင်းတစ်လျှောက်ဆင်းသွားပြီး အခြားတစ်ဖက်သို့ ရိုက်ခတ်သည်။ ထို့နောက် ပဲ့တင်သံသည် မက်ပီဆီသို့ ပြန်ရောက်လာ၏။

တောင်စောင်း ဆင်ခြေလျှောတစ်လျှောက်လုံး ပြန်လည်တိတ်ဆိတ်သွားသည်။ နောက်ထပ် လှုပ်ရှားမှုကိုလည်း မမြင်ရ။ ထို့နောက် အောက်ဘက်မှ အော်မြည်ပြီး တက်လာသော သေနတ်ကျည်ဆန်တစ်တောင့်။ မက်ပီဘေးမှ ကျောက်တုံးကို အရှိန်ပြင်းစွာဖြင့် ဝင်မှန်သည်။ မက်ပီ၏ ညာဘက်လက်မှ စူးခနဲပေါ်လာသော နာကျင်မှုဝေဒနာ။ သူ့လက်ညှိုးနှင့် လက်ခလယ်ကြား၊ လက်ဖမိုးတွင် စူးဝင်နေသည့် ကျောက်စလစ်စ။ ကျောက်စသည် လက်ဖမိုးမှနေ၍ စူးဝင်ကာလက်ဖဝါးကို ဖောက်ထွက်သွားသည်။ သူသည် စူးဝင်နေသည့် ကျောက်စကို သတိနှင့်ကိုင်၍ ဆွဲနှုတ်လိုက်သည်။ ဒဏ်ရာမှ သွေးများ ပန်းထွက်လာသည်။ စူးသွားသော ဒဏ်ရာသည် သွေးကြောကိုတော့ မထိ။

မက်ပီသည် ကျောက်တုံးတွင် အခေါင်းပေါက်ဖြစ်နေသည့်နေရာကို လှမ်းကြည့်သည်။ ပင့်ကူအိမ်များမြင်ရသည်။ သူ့သည် ပင့်ကူအိမ်ကို ဆွဲဖျက်ကာ လက်နှင့်လုံးချေလိုက်ပြီး ဒဏ်ရာထဲသို့ ထိုးသိပ်ထည့်သည်။ ချက်ချင်းလိုလိုပင်ထွက်နေသော သွေးသည် ရပ်သွားသည်။

သေနတ်သည် မြေပြင်ပေါ်၌ လဲကျလျက်ရှိ၏။ မက်ပီသည် သေနတ်ကို ကပျာကယာပြန်ကောက်သည်။ ချက်ချင်းကျည်တစ်တောင့် ထပ်ထည့်သည်။ ထို့နောက် အလျားပြန်မှောက်ကာ ချုံတစ်ချုံ၏ညာဘက်သို့တွားသွားသည်။ တောင်ကမူပေါ်အထိ တက်သည်။

လှုပ်ရှားမှုကို မြင်ရပြန်ပြီ။ ဖြည်းဖြည်း မှန်မှန်နှင့် သတိကြီးစွာထား၍ လှုပ်ရှားနေခြင်းဖြစ်၏။ လှုပ်ရှားမှုသည် အကာအကွယ်နောက်ရောက်သွားသည့်အခါ တစ်ခဏမျှ နားနေသည်။ ထို့နောက် ဆက်၍ ရွေ့လျားနေပြန်သည်။

နေသည် တောင်တန်းများအထက်မှနေ၍ ပြင်းထန်သော အပူရှိန်ကို လွှတ်လျက်ရှိ၏။ အပူရှိန်ကြောင့် ကျောက်တုံးကျောက်ခဲများသည် တလက်လက်တောက်ပနေကြသည်။
mgyoe.com

mgyoe.com

မက်ပီသည် တောင်စွန်းထိပ်ဆီသို့ တွား၍ တက်သည်။ တွားသွားသည့်အခါ တည့်တည့်မတ်မတ်မသွား၊ ရန်သူဘက်မှ ချိန်သားမရစေရန် ကွေ့ကွေ့ကောက်ကောက်လုပ်၍ သွားသည်။ လက်ဖမိုးမှ ဒဏ်ရာသည် တဆစ်ဆစ်နာကျင်ကိုက်ခဲလာ၏။

သူရှေ့တည့်တည့်တွင် ပါးပြင်းထောင်နေသည့် မြွေဆိုးတစ်ကောင်။ အနီးသို့ရောက်မှ မြွေကိုမြင်ခြင်းဖြစ်၏။ ရင်ထဲ၌ ဒိတ်ခနဲဖြစ်သွားသည်။ ချက်ချင်းနောက်သို့ တွား၍ ပြန်လိုက်သည်။ ပုတတ်များသည် သူ့ရှေ့မှ နေ၍ အလန့်တကြား ထွက်ပြေးနေကြသည်။ သူ့မျက်စိရှေ့တွင် ဖုန်မှုန့်ကလေးများ လွင့်တက်လာကြသည်။ သူသည် ကျောက်တုံးနှစ်တုံးကြားတွင် တွယ်ထားသည့် ပင့်ကူအိမ်များကို ဆွဲယူလုံးချေပြီး ဒဏ်ရာအပေါက်ထဲသို့ ထိုးသိပ်ထည့်ပြန်သည်။

အခုဆိုလျှင် မက်ပီသည် ရိုင်ဖယ်သေနတ်ကို ညာလက်ဖြင့်ကိုင်၍ မရတော့။ သူသည် ဘယ်လက်ဖြင့် ထိန်း၍ ကိုင်ထားရသည်။ ချွေးသီးချွေးပေါက်များသည် ပါးနှစ်ဖက်ပေါ်သို့ စီးဆင်းနေကြသည်။

သူ့နှုတ်ခမ်းများနှင့် လျှာတို့သည် ခြောက်သွေ့လျက်ရှိသည်။ သူ၏ မည်းနက်သော မျက်လုံးအစုံသည် ထိတ်လန့်ခြင်းနှင့် မယုံသင်္ကာဖြစ်ခြင်းကို ဖော်ပြနေကြ၏။ တစ်ကြိမ်တွင် သူ့ရှေ့၌လာရပ်လိုက်သော ပုတတ်တစ်ကောင်ကို မြင်လိုက်ရသည်။ ကျောက်ခဲတစ်လုံးဖြင့် စိစိညက်ညက်ကြေအောင် ထုသတ်လိုက်မိသည်။

နေမွန်းတည့်သွားပြီ။ သူတွား၍ သွားနေသည့် ခရီးသည်တစ်မိုင်ပင်မပေါက်သေး။ သူ့ရှေ့တွင် သစ်ပင် မြင့်မြင့်အနည်းငယ်မျှရှိနေသော မြေကွက်လပ်တစ်ခုကို လှမ်းမြင်သည်။

ကိုက် ၁၀၀ ခန့်ဝေးမည်ဟု ခန့်မှန်းရ၏။ သူသည် အမူးအရူးတွား၍ သွားသည်။ မြေကွက်လပ်တွင်းသို့ ရောက်သည့်အခါ သစ်ပင်တစ်ပင်၏ ပင်စည်နောက်သို့ အတင်းတိုးဝင်သည်။ သစ်ပင်၏ ပတ်ပတ်လည်ရှိ ချုံပင်၊ နွယ်ပင်များသည် သူ့အား အဝေးမှမမြင်နိုင်အောင် ကာကွယ်ပေးထားသည်။

သူ့ခေါင်းအထက်ဘက်ရှိ သစ်ရွက်၊ သစ်ခက်များသည် သူ့အား အေးမြသောအရိပ်အာဝါသကို ပေးထားသည်။ ဤနေရာသည် လောလောဆယ်

mgyoe.com

mgyoe.com


တော့ဖြင့် သူ့အား လုံခြုံမှု အပြည့်အဝပေးထားသည်။

မက်ပီသည် သူ့ခေါင်းကို ဘယ်ဘက်လက်ပေါ် တင်၍ အိပ်ပျော်သွားသည်။ ကွက်တိကွက်ကျား ဝင်လာနေသော နေပြောက်များသည် မက်ပီ၏ကျောပေါ်သို့ ကျဆင်းလျက်ရှိသည်။

ငှက်ပေါက်စကလေးများသည် ခုန်ဆွခုန်ဆွလျှောက်သွားကာ မက်ပီအား စောင်းငဲ့ပြီး ကြည့်နေကြသည်။ မက်ပီ၏ ဒဏ်ရာရထားသော ညာလက်သည် မြောက်သွားလိုက် ပြန်ကျလာလိုက် ဖြစ်လျက်ရှိ၏။

နေသည် အနောက်ဘက်တောင်တန်းများနောက်သို့ဆင်းစပြုပြီ။ အမှောင်ရိပ်များသည် မက်ပီ၏ ပတ်ဝန်းကျင်ကို လွှမ်းခြုံလာသည်။ ထို့နောက်တော့ ကြီးမားသည့် အမှောင်ထု။ တောင်ကုန်းဘေးတစ်ဖက်ဆီမှ ကိုယိုတီ ဝံပုလွေတစ်ကောင်၏အူသံ။

မက်ပီသည် ဖျတ်ခနဲလန့်နိုးလာသည်။ အိပ်မှုန်စုံမွှားမျက်စိများဖြင့် ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်သည်။ သူ့ညာလက်သည် ယောင်ကိုင်းလျက်ရှိသည်။ မ၍ မြှောက်၍မရနိုင်တော့လောက်အောင် လေးလံနေသည်။ လက်မောင်းတစ်လျှောက်တွင် တဆစ်ဆစ်ကိုက်ခဲလျက်ရှိသည်။ သူသည် လက်ကို ကုတ်အင်္ကျီအတွင်းအိတ်ကပ်ထဲသို့ အသာအယာထိုး၍ ထည့်ထားသည်။

သူသည် အသာအယာ အားယူ၍ ထကာ မတ်တတ်ရပ်လိုက်သည်။ တောင်တန်းများဆီသို့ တစ်ချက်မျှော်ကြည့်သည်။ အားလုံးမှောင်နှင့်မည်းမည်း။

အခုအချိန်ထိ လကမထွက်သေး။ သူသည် မှောင်ထဲ၌ရပ်ကာ စဉ်းစားချိန်ဆလျက်ရှိသည်။ သူ့လျှာသည် ရောင်လျက်ရှိရာ ပါးစပ်တစ်ခုလုံးကို ပြည့်သွားလိမ့်မည်ဟုပင် ထင်နေရသည်။

သူ့အဖေ၏ ကုတ်အင်္ကျီသည် လက်မှဒဏ်ရာကို ပို၍နာကျင်အောင် လုပ်သလိုဖြစ်လျက်ရှိ၏။ သူသည် ကုတ်အင်္ကျီကို ခက်ခဲစွာချွတ်ပြီး ချုံထဲသို့လွှင့်ပစ်လိုက်သည်။

ထို့နောက် တောင်ကုန်းပေါ်သို့ တက်သည်။ သူ့ခြေထောက်များအောက်မှ ကျောက်ခဲများသည် အောက်ဘက်သို့လိမ့်ဆင်းသွားနေကြသည်။ သူ့

mgyoe.com

mgyoe.com

ရိုင်ဖယ်သေနတ်ကို အားပြု၍ ထောက်လိုက်တိုင်း ကျောက်ခဲများသည် အစု လိုက်အပြုလိုက် လိမ့်ဆင်းသွားနေကြသည်။

နောက်တစ်ခဏမျှအကြာတွင် လထွက်လာသည်။ သူ့ရှေ့တွင် တောင်ထိပ်လရောင်ရှိလာသဖြင့် မက်ပီသည် အားတက်လာသည်။ သွား ရသည်မှာလည်း ပို၍လွယ်ကူ ချောမောလာသည်။

သူသည် ဒဏ်ရာရထားသည့်ညာလက်ကို ဘေး၌တွဲလောင်းချကာ ခါးကိုကုန်း၍ တက်သည်။ သူသည် အပြေးအလွှားတက်လိုက်၊ နားလိုက် တောင်စောင်းအတိုင်း တိုက်ခတ်လာနေသော လေသည် တရှိုးရှိုးအော်မြည် လျက်ရှိ၏။

လသည် မြင့်တက်လာနေသည်။ တောင်ထိပ်ရောက်ဖို့ ကိုက် ၁၀၀ ခန့်သာ ဝေးတော့သည်။ သူသည် အားယူ၍ မရပ်မနားတက်သည်။ မြေ သည် စောစောကနှင့်မတူတော့ မာကျောလာသည်။ နင်းရသည်မှာ ပို၍ရဲ လာသည်။ သွက်လက်လာသည်။

နောက်ဆုံးတွင် သူရောက်ဂိုသည့် တောင်ထိပ်ကို ဆိုက်ရောက်သွား သည်။ တခြားတစ်ဖက်ကို ငုံ့ကြည့်လိုက်မိ၏။ နက်ရှိုင်းသော တောင်ခြေ သည် ချုံပင်၊ နွယ်ပင်များ ဖုံးလွှမ်းလျက်ရှိသည်။ မြူများဆိုင်းနေသဖြင့် ပြက်ပြက်ထင်ထင်တော့ မမြင်ရ။

အခြားတစ်ဖက် ခပ်လှမ်းလှမ်းတွင်မူ တောင်တန်းများ။ တောင်ထိပ် အားလုံးသည် မိုးကောင်းကင်ဆီသို့ ထိုးထွက်နေကြသည်။ သူသည် အသက် ကိုပြင်းစွာရှူလျက်ရှိသည်။ တောင်တန်းများကိုကြည့်ကာ စိတ်မောလျက်ရှိ ၏။

ထိုအခိုက်တွင် ရပ်နေသော ခြေထောက်တစ်ဖက်သည် ရုတ်တရက် ချော်ထွက်သွားသည်။ မက်ပီ ထိန်းလိုက်ပါသေး၏၊ မရ။ တောင်ကုန်းဆင် ခြေလျှောအတိုင်း လိမ့်ဆင်းသွားသည်။ သူ့လက်တစ်ဖက်သည် မြေပြင်ကို ကုပ်တွယ်နိုင်ဖို့ကြိုးစားသည်။ ခဏမျှအကြာတွင် လိမ့်ဆင်းနေသော အရှိန် သည် တန့်ခနဲဖြစ်ကာ ရပ်သွား၏။

ထို့နောက်တော့ သူသည် ပို၍သတိထားပြီး ဆင်းသည်။ တောင်ခြေ ရင်းသို့ သူရောက်သွားချိန်တွင်လည်း တောင်တန်းများနောက်သို့ ဝင်ရောက်

mgyoe.com

mgyoe.com

ပျောက်ကွယ်သွားခဲ့လေပြီ။ သူသည် ချုံကြီးတစ်ချုံအတွင်းသို့ တွား၍ တိုး၍ ဝင်သည်။ သူ့လက်များသည် အောက်ခြေရှိ စမ်းချောင်းရေပြင်ကို စမ်းသပ်ရှာဖွေလျက်ရှိသည်။ စမ်းချောင်းထဲတွင် ရေမရှိ။ စိုစွတ်သော မြေအပြင်ကိုသာ စမ်းမိသည်။

မက်ပီသည် သေနတ်ကို ဆားတွင်ချထားလိုက်ပြီး ရွှံ့မြေတစ်ဆုပ်ကို လက်နှင့်ဆုပ်ယူပြီး ပါးစပ်ထဲသို့ ထိုးထည့်သည်။ လျှာတွင်ကပ်သွားသည့် ရွှံ့များကို ဖွီးခနဲထွေးထုတ်သည်။

သူသည် စမ်းချောင်းမြေပေါ်တွင် လက်နှင့်ယက်၍တွင်းတူးသည်။ သို့သော်လည်း အပေါ်ယံတူးရုံမျှဖြင့် ရေမရ။

နက်သည်ထက်နက်အောင် အားစိုက်၍ တူးနေရသည်။ တူးရင်းတူးရင်းနှင့်ပင် သူ့ခေါင်းသည် ရှေ့သို့ စိုက်ခနဲကျသွားပြီး အိပ်မောကျသွားသည်။

အရုဏ်တက်လာပြီ။ နေ့၏အပူငွေ့သည် မြေပြင်ထက်သို့ ဆင်းသက်လာ၏။ မက်ပီကတော့ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေဆဲ။

မွန်းလွဲပိုင်း ရောက်လာသည့်အခါ မက်ပီ၏ခေါင်းသည် ထောင်လာသည်။ ပတ်ဝန်းကျင်ကိုလှည့်ကြည့်သည်။ သူ့မျက်လုံးများသည် ပင်ပန်းနွမ်းနယ်လွန်း၍ စင်းနေကြသည်။

မက်ပီနှင့် ကိုက် ၂၀ ခန့်အကွာရှိ ချုံပုတ်ကြီးထဲတွင် ညိုဝါရောင်ခြင်္သေ့ကြီးတစ်ကောင် ရောက်နေသည်။ ခြင်္သေ့သည် အမြီးကို တနံ့နံ့ခါယမ်းနေသည်။

နားရွက်များကိုစွင့်ထားသည်။ ပြီးတော့ တည်ငြိမ်သော မျက်လုံးများဖြင့် မက်ပီအား စိုက်ကြည့်နေသည်။

မက်ပီသည် ယမန်နေ့ညက သူတူးထားခဲ့သည့်တွင်းကို ကြည့်သည်။ ရွှံ့များဖြင့်နောက်ကျိနေသော ရေကို မြင်ရသည်။ များများစားစားမဟုတ်။

အမြင့်လက်မဝက်ခန့်သာရှိသည်။ သူသည် ရှပ်အင်္ကျီလက်မောင်းကို ဆွဲဆုတ်လိုက်ပြီး ရေထဲသို့ အတန်ကြာမျှနှစ်သည်။ ပြီးတော့ ရေဝတ်ကို ပါးစပ်ထဲထည့်၍ ငုံထားသည်။

သူသည် ဤနည်းကို အကြိမ်ကြိမ်လုပ်ကာ ရေငတ်ပြေအောင် အားထုတ်သည်။
mgyoe.com

mgyoe.com


ခြသေ့ကတော့ ချုံပုတ်ထဲမှထိုင်ကာ သူ့အားကြည့်နေဆဲ။ အချိန်သည် တရွေ့ရွေ့ကုန်ဆုံးကာ ညနေခင်းသို့ရောက်လာသည်။

တောင်ကုန်းများပေါ်တွင် လူစလူန မမြင်တွေ့ရ။ ရေခန်းခြောက်နေသည့် စမ်းချောင်းဖြစ်သဖြင့် ငှက်တစ်ကောင်တစ်လေမှ ရောက်လာသည်ကို မမြင်ရ။

မက်ပီသည် ခြသေ့အား မကြာမကြာလှမ်းကြည့်သည်။ ခြသေ့၏ မျက်လုံးများသည် တစ်ချက်တစ်ချက်တွင် မှေးမှိတ်သွားလေ့ရှိ၏။ အိပ်ချင်နေဟန်တူ၏။

တစ်ခါတစ်ရံတွင် ဦးခေါင်းကိုမော့၍ ပါးစပ်ကိုဖြဲကာ တအားကုန်သမ်းလေ့ရှိသည်။ ထိုအခါမျိုးတွင် ခြသေ့၏လျှာသည် အပြင်သို့ထိုးထွက်လာတတ်သည်။

မက်ပီ စိတ်ဝင်တစား ကြည့်နေခိုက်မှာပင် ခြသေ့သည် ဦးခေါင်းကို တလှုပ်လှုပ်လုပ်ကာ ဖြန်းခနဲထရပ်သည်။ နှာခေါင်းကို ရှုံ့ပွ၊ ရှုံ့ပွလုပ်ကာ အနံ့ခံသည်။

အမြီးကို တလှုပ်လှုပ်ယမ်းသည်။ ထို့နောက် ခပ်ဝေးဝေးတစ်နေရာမှ ချုံတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။

နောက်တစ်ခဏမျှအကြာတွင် ခပ်လှမ်းလှမ်းဆီမှ မြင်းခွာသံများ သဲ့သဲ့ကြားရသည်။ ဤမြင်းခွာသံများ ကြားမှပင် အသံတစ်မျိုးကို သဲကွဲစွာကြားလာရသည်။

သူ့ရင်ထဲတွင် ဒိတ်ခနဲဖြစ်သွားသည်။ အခြားအသံမဟုတ်။ ခွေးတစ်ကောင်၏ စူးစူးဝါးဝါးဟောင်သံ။

မက်ပီသည် ရိုင်ဖယ်သေနတ်ကို ဘယ်လက်ဖြင့်ကောက်ယူလိုက်သည်။ ရှေ့တည့်တည့်မှ ချုံထဲသို့ အသာကလေးတိုးဝင်သည်။

အမှောင်ရိပ်ကိုခိုကာ လေးဖက်ထောက်၍ တောင်ကုန်းပေါ်တက်သည်။ အမှောင်ထု လုံးဝလွှမ်းခြုံသွားသည့်အခါတွင်မှ သူသည် လေးဘက်တွားနေရာမှ ထရပ်သည်။ အားအင်ကတော့ ကုန်ခန်းလုပြီ။ သူ့တစ်ကိုယ်လုံးမှာလည်း နာကျင်ကိုက်ခဲနေပြီ။ သို့သော်လည်း သူ မတတ်နိုင်။ ရှိသမျှ ခွန်အားကိုထုတ်ကာ တောင်ကုန်းကိုတွယ်ဖက်၍ တက်သည်။

mgyoe.com

mgyoe.com

တောင်ထိပ်နှင့်မလှမ်းမကမ်းသို့ရောက်သွားသည်။ အမှောင်ထုသည် သိပ်သည်းနက်ရှိုင်းလျက်ရှိပြီ။ သူသည် တစ်ခဏမျှ အိပ်သည်။

စိတ်ချလက်ချအိပ်ဝံ့သည်တော့မဟုတ်၊ လရောင်သည်သူ့မျက်နှာပေါ် သို့ ကျလာသည်။ သူ့အား နှိုးလိုက်သည့်နှယ်ရှိသည်။

မက်ပီသည် ကပျာကယာလူးလဲထသည်။ တောင်ကုန်းဆီသို့ဆက် တက်သည်။ ကိုက် ၅၀ ခန့်အကွာသို့ရောက်သည့်အခါ ခဏမျှရပ်၍ နောက် ဘက်သို့မျှော်ကြည့်သည်။

သူ့ရိုင်ဖယ်ကို မေ့ထားခဲ့မိပြီမဟုတ်ပါလား။ သူသည် နေးကွေးလေးလံ သော ခြေလှမ်းများဖြင့် အောက်ပြန်ဆင်းသည်။ မှောင်ထဲတွင် လက်နှင့်စမ်း ၍ရှာသည်။ သေနတ်ကိုမတွေ့။ အဆမတန်မောလွန်းသဖြင့် ခဏမျှနားရ ပြန်သည်။

သူ့လက်ကိုငုံ့ကြည့်သည်။ လက်သည် မနေ့ကထက်ပို၍ ယောင်ကိုင်း ပြီး အဆမတန်ကြီးလာသည် ထင်သည်။ နာကျင်ကိုက်ခဲ့ကလည်း အရင် နေ့ကထက် ဆိုးလာသည်ထင်၏။

သူသည် ဒဏ်ရာရထားသည့် တောကောင်တစ်ကောင်သဖွယ် ကျန် ရှိသမျှအင်အားကိုညှစ်ထုတ်ပြီး ထိုင်ရာမှထကာ တောင်ထိပ်သို့တက်ပြန်သည်။

သူ၏ရောင်ကိုင်းနေသော ညာလက်ကို ဘယ်လက်ဖြင့် အသာထိန်း ကိုင်ထားသည်။ အသက်ရှုလိုက်တိုင်း ခြေလှမ်းလိုက်တိုင်း နာကျင်မှုဝေဒနာ သည် ပြင်းစွာပေါ်လာနေ၏။

သူသည် ခြေတောက်များကိုတရွတ်ဆွဲကာ ရွေ့လျားလျက် ရှိသည်။ ခြေလှမ်းအနည်းငယ်မျှသွားလိုက်၊ ရပ်၍နားလိုက်၊ တစ်ဖန်ဆက်၍သွားလိုက် ရပ်၍နားလိုက်၊ တစ်ဖန်ဆက်၍ သွားလိုက်ရပ်၍နားလိုက်။

နောက်ဆုံးတွင် တောင်ထိပ်နှင့် အနီးဆုံးနေရာသို့ ရောက်လာသည်။ လရောင်သည် ခပ်ဖျော့ဖျော့။

မက်ပီ၏ဦးနောက်သည် မှုံးနောက်ရီဝေလျက် ရှိသည်။ ဦးခေါင်းတစ် ခုလုံးသည် ချာချာလည်နေသည်။ သူသည် မြေပြင်ထက်သို့ ပက်လက်လှဲ ချလိုက်သည်။

တောင်ထိပ်ကို မြင်နေရ၏။ သူနှင့်ပေတစ်ရာခန့် ကွာနေသေးသည်။
mgyoe.com

mgyoe.com


လသည် ကောင်းကင်တွင် တရွေ့ရွေ့သွားလျက် ရှိသည်။ မက်ပီသည် ဘေးတစ်ဘက်သို့အသာအယာစောင်းကာ မော့ကြည့်သည်။ ပါးစပ်မှ စကားပြောဖို့ ကြိုးစားသည်။ သို့သော်လည်း တရှိုးရှိုးမြည်သံမှတစ်ပါး အခြားဘာသံမျှမကြားရ။

အရုဏ်တက်လာပြီ။

မက်ပီသည် ပက်လက်လဲနေရာမှ အားယူ၍ထသည်။ သူ့မျက်လုံးများသည် ပြူးတိပြူးကြောင် ဖြစ်နေကြသည်။ သူသည် နာကျင်လွန်းလှသော လက်ကို အသာမြှောက်ကာ ငုံ့ကြည့်သည်။ လက်ကောက်ဝတ်မှသည် လက်မောင်းရင်းအထိ ညိုပုပ်ပုပ်အရောင်သန်းနေပြီ။ သူသည် ဘယ်လက်ဖြင့်အိတ်ကပ်များကို နှိုက်သည်။ သူ့ဓားမြှောင်ကိုရှာခြင်း ဖြစ်၏။

အိတ်ထဲတွင် ဓားမြှောင်မရှိ။ သူ့မျက်လုံးများသည် မြေပြင်ပေါ်သို့ လျှောက်ကြည့်ပြန်သည်။ အသွားထက်ထက်ကျောက်တုံးအချွန်တစ်တုံးကို ဖျက်ခနဲကောက်ယူကာ အနာကိုထိုးခွဲလိုက်သည်။ အတွင်းမှပြည်များနှင့် သွေးပုပ်များသည် တရဟောထိုးထွက်ကျလာသည်။ သူသည် နာကျင်လွန်းသဖြင့် ဦးခေါင်းကိုမော့ အံကိုကြိတ်၍ အဆက်မပြတ် ညည်းမိသည်။ သူ့ညာဘက်လက်သည် တဆတ်ဆတ်တုန်လျက်ရှိသည်။

အလင်းရောင်သည် မှုန်ဝါးဝါး၊ မက်ပီသည် ကုန်းကြုံး၍ထပြန်သည်။ ဘယ်လက်နှင့် ဒူးနှစ်ဘက်ကိုထောက်ကာ လေးဖက်တွား၍ တက်ပြန်သည်။ အစီအရီတန်း၍ တည်ရှိနေကြသည့် ကျောက်တုံးများနောက်သို့ ဝင်ကာမှီ၍ ထိုင်သည်။ အောက်ဘက်တွင် နက်ရှိုင်းသည့် တောင်ကြား။ သူ့နောက်ဆုံးရောက်ခဲ့သည့် တောင်ကြားကဲ့သို့ပင် ရေမရှိ၊ မြေပြန့်မရှိ၊ ဝက်သစ်ချပင်များလည်း မရှိ။

ထိုတောင်ကြား၏တစ်ဘက်ကို သူလှမ်းကြည့်သည်။ မြင့်မားသောတောင်ကုန်းနှင့် တောင်စွန်းတောင်စွယ်များ ချုံနွယ်ပိတ်ပေါင်းဟူ၍မရှိ၊ ခြောက်သယောင်းလွန်းသည့် တောင်ကတုံးများဖြစ်၏။

အခုဆိုလျှင် နေ့သစ်သည် ဖွားမြင်လာခဲ့ပြီ။ အလင်းရောင်သည် ပတ်ဝန်းကျင်တစ်ခွင်လုံးကို ပီပီပြင်ပြင်မြင်နိုင်အောင် ဖန်တီးပေးထားပြီ။ နေသည် မြင့်တက်လာသည်။ မက်ပီလှဲနေသည့် နေရာတစ်ပိုက်တွင် နေရောင်

mgyoe.com

mgyoe.com


ကျလာသည်။ သူ့ခေါင်းမှဆံပင်များတွင် သစ်ခက်သစ်ရွက်များ၊ ရွှံ့များချွေး များနှင့် ပင့်ကူအိမ်များ ကပ်ငြိနေသည်။ သူ့မျက်လုံးအစုံသည် အတွင်းသို့ ချိုင့်ဝင်နေကြသည်။

သူသည် လဲ့နေရာမှ အားယူပြီးထလိုက်သည်။ ယောင်ကိုင်းနေသော လက်ကိုရင်ခွင်၌အပ်ကာ စေ့စေ့စပ်စပ်ကြည့်သည်။ သူ့ခန္ဓာကိုယ်သည် တသိမ့်သိမ့် လှုပ်လာသည်။ သူ့ညည်းသံ မပီမသသည် နှုတ်ခမ်းများကြားမှ တိုးထွက်လာသည်။

သူသည် ဦးခေါင်းကို မော့ကာ မိုးကောင်းကင်ဆီသို့ ကြည့်သည်။ ငှက်မည်းမည်းတစ်ကောင်။ သူ့ခေါင်းထက်တွင် ချာလည်ပတ်လှည့်၍ ဝဲပျံ နေသည်။ သူ့ဘက်လက်ခပ်လှမ်းလှမ်းမှ ပျံသန်းလာနေသော အခြားငှက် တစ်ကောင်သည် သူ့ဘက်သို့ နီးကပ်လာနေပြီ။

သူသည် ဦးခေါင်းကိုလှည့်ကာ နားစွင့်သည်။ သူဖြတ်သန်းလာခဲ့ရာ အောက်ဘက်တောင်ကြားလွင်ပြင်ဆီမှ ခွေးဟောင်သံများ ကြားလာရပြန်၏။ သူ့နောက်မှ ခြေရာခံ၍ လိုက်လာနေကြသည့် လူများနှင့်ခွေးများ။

သူ့ပါးစပ်သည် တလှုပ်လှုပ်ဖြစ်လာသည်။ စကားပြောရန် ကြိုးစား နေခြင်းဖြစ်၏။ သို့သော်လည်း ဘာသံမျှထွက်မလာ။ သူသည် ပခုံးနှစ်ဘက် နှင့် နဖူးကိုထိကာ လက်ဝါးကပ်တိုင် အမှတ်အသားပြုလုပ်၍ ဘုရားသခင် အား အာရုံပြုသည်။

သူသည် ထိုင်ရာမှထဖို့ အားထုတ်သည်။ ထ၍မရ။ အချိန်အကြာ ကြီး ရုန်းကန်လှုပ်ရှားခြင်းပြုသည် မရ။ သူသည် ဖြည်းဖြည်းချင်း လေးဘက် တွား၍ ဒရွတ်တိုက်ဆက်တက်သည်။ နောက်ဆုံးတွင် တောင်ထိပ်သို့ရောက် သွားသည်။ ရောက်လျှင်ရောက်ချင်း မရမနေအားထုတ်ကာ ထရပ်သည်။ သူတစ်ကိုယ်လုံး တုန်လျက်ရှိသည်။ ယိမ်းထိုးလျက်ရှိသည်။

ဟို… အဝေးအောက်ဘက်တွင် သူတစ်ရေးတမောအိပ်ခဲ့ရသည့် ချုံ ပုတ်၊ သူသည် စိတ်ကိုတင်းကာ ကြံ့ကြံ့ခံ၍ မတ်တတ်ရပ်နေဆဲ။ နံနက်ခင်း ကောင်းကင်ပြင်ကို နောက်ခံပြု၍ရပ်နေသည့် မည်းမည်းအရိပ်တစ်ခု။

သူ့ခြေထောက်များအောက်မှ ထွက်ပေါ်လာသည့်အသံတစ်သံ။ သူ့ နောက်ဘက်မှ ကျောက်တုံးကိုကျည်ဆန်ထိမှန်သည်။

mgyoe.com

mgyoe.com


ထိုကျောက်တုံးဆီမှ ဖွာ၍ထွက်ကာ ပျံ့ဝဲလာကြသည့် ကျောက်တုံး ကျောက်ခဲ အစအနများ။ အောက်ဘက်မှ ပဲ့တင်သံသည် တောင်ထိပ်ဆီသို့ တက်လာသည်။ မက်ပီကအောက်သို့ အားစိုက်ပြီး ငုံ့ကြည့်သည်။ ထို့နောက် သူ့ကိုယ်သူထိန်းကာ တောင့်တောင့်မတ်မတ်ပြန်၍ ရပ်သည်။

သူ့ခန္ဓာကိုယ်သည် ယိမ်းထိုးလှုပ်ယမ်းလျက်ရှိသည်။ သူ့ဘယ်လက်သည် သူ့ရင်ဘတ်ပေါ်အုပ်ကာ တစ်ဆတ်ဆတ်တုန်လျက်ရှိသည်။ အောက်ဘက်မှ ဒုတိယအကြိမ် သေနတ်သံတစ်ချက် ထွက်ပေါ်လာပြန်သည်။

မက်ပီ၏ တစ်ကိုယ်လုံး ဆတ်ခနဲဖြစ်သွားသည်။ ရှေ့သို့ငိုက်ခနဲဖြစ်သွားပြီး ရပ်နေသည့် ကျောက်တုံးပေါ်မှ ကျွမ်းထိုးမှောက်ခုံလိမ့်ကျသွားသည်။ သူ့ခန္ဓာကိုယ်သည် မြေပြင်နှင့်အရှိန်ပြင်းစွာ ရိုက်မိသည်။

ထို့နောက် ဒလိမ့်ခေါက်ကွေးတစ်ပတ်ပြီးတစ်ပတ်လည်ကာ လိမ့်ဆင်းသွားသည်။ နောက်ဆုံးတွင် ချုံပုတ်တစ်ခုနှင့် ဝင်တိုက်ကာ ရပ်သွားသည်။ သူ့နောက်မှ တဝုန်းဝုန်းလိမ့်ဆင်းလာနေကြသော ကျောက်ခဲများနှင့် မြေစိုင်မြေခဲများသည် သူ့ခေါင်းကို ဖုံးသွားကြလေသည်။

**John Steinbeck ၏ Flight ကိုပြန်ဆိုသည်။**

❑

mgyoe.com

mgyoe.com

# အဲလ်ဘတ် ကမူး
## (၁၉-၃-၉၆)

အဲလ်ဘတ်ကမူးသည် ပြင်သစ်စာရေးဆရာ တစ်ဦးဖြစ်သည်။ ပြင်သစ်လက်အောက်ခံ ကိုလိုနီနိုင်ငံတစ်နိုင်ငံဖြစ်သော အယ်လ်ဂျီးရီးယားနိုင်ငံ၌ မွေးဖွားခဲ့ပြီး ယင်းနိုင်ငံမှာပင် ပညာသင်ကြားခဲ့ရပါသည်။

ထိုစဉ်က အယ်လ်ဂျီးရီးယား တက္ကသိုလ်ကျောင်းသားဘဝတွင် ကမူးသည် ဝါသနာအရ ကဇာတ်အဖွဲ့တစ်ဖွဲ့ တည်ထောင်ပြီး သူကိုယ်တိုင် ဒါရိုက်တာလုပ်၍ ပြဇာတ်များ ကပြခဲ့ဖူးသည်။

ဒုတိယကမ္ဘာစစ်ကြီးဖြစ်၍ ပြင်သစ်နိုင်ငံ ဂျာမန်များလက်အောက်သို့ ကျရောက်သွားသည့်အခါ ကမူးသည် မြေအောက်တော်လှန်ရေးအဖွဲ့ဝင်တစ်ဦးအဖြစ် တက်ကြွစွာ လှုပ်ရှားခဲ့သည်။

ဤကာလအတွင်းမှာပင် သူသည် "စည်း အပြင်ကလူ

mgyoe.com

(The Stranger) စစ္စဖတ်စ်၏ ဒဏ္ဍာရီ (The Myth Of Sisyphus) စသော ဝတ္ထုနှစ်ပုဒ်ကို ရေးသားခဲ့ရာ စစ်ပြီးခေတ်တွင် အလွန်ထူးခြားထင်ရှားသော စာအုပ်များအဖြစ် ကျော်ကြားခဲ့သည်။

နောက်ပိုင်းတွင် ပလိပ် (The Plague) ကျဆုံးခြင်း (The Fall) စသော ဝတ္ထုများအပြင် ဝတ္ထုတိုအတော်များများ ရေးသားခဲ့သည်။

သူ့ဝတ္ထုများသည် အိတ်ဇ်ဇစ်တင်း ရှီးရဲလ်လစ်ဇင် (Existemtialism) ခေါ် ဒသနအမြင်တစ်ရပ်ကို ထင်ဟပ်ပြသမှုကြောင့် ထူးခြားထင်ရှားခဲ့ခြင်း ဖြစ်၏။

၁၉၅၇ ခုနှစ်တွင် သူသည် စာပေနိုဘယ်ဆုကို ရရှိခဲ့သည်။ ဆုရချိန်တွင် သူ့အသက်သည် လေးဆယ့်လေးနှစ်မျှသာ ရှိသေး၏။ အသက်ငယ်ငယ်နှင့် ထင်ရှားကျော်ကြားခဲ့သော ကမူးသည် ၁၉၆၀ ခုနှစ်တွင် ကားတိုက်၍ ရုတ်တရက် ကွယ်လွန်ခဲ့ရာ၏။ သူကွယ်လွန်ချိန်တွင် သူ့အသက်မှာ လေးဆယ့်ခုနစ်နှစ်မျှသာ ရှိပေသေးသည်။

❑

mgyoe.com

mgyoe.com

# ညည့်သည်

ကျောင်းဆရာသည် သူ့ဘက်သို့ ရှေးရှု၍ လာနေသော လူနှစ်ယောက်ကို မျှော်ကြည့်လျက်ရှိ၏။ လူနှစ်ယောက်အနက် တစ်ယောက်သည် မြင်းပေါ်၌ ထိုင်လျက်။ ကျန်တစ်ယောက်ကတော့ ခြေလျင် သူတို့သည် ကျောင်းတည်ရာရှိရာ တောင်ခါးပန်းပေါ်သို့ တက်သည့်နောက်ဆုံး တောင်ကုန်းဆီသို့ အခုအချိန်အထိ ရောက်မလာကြသေးပေ။ သူတို့သည် အလွန်ကျယ်ပြန့်မြင့်မားပြီး လူသူလေးပါးကင်းမဲ့သော ကုန်းပြင်မြင့်၏ ကျောက်တုံးကျောက်ခဲများပေါ်ရှိ နှင်းခဲပြင်ပေါ်၌ ခက်ခဲပင်ပန်းစွာ ရုန်းကန် လှုပ်ရှားနေကြရခြင်းဖြစ်၍ နှေးကွေးလေးလံလှသည်။

တစ်ချိန်လုံးလိုလိုပင် မြင်းသည် ခလုတ်တိုက်၍ ခြေချော်၍ လဲကျသွားသည်ကို မြင်တွေ့နေရ၏။ သူတို့ဆီမှ ဘာသံမှ မကြားရသေးသော်လည်း ပြင်းထန်စွာ အသက်ရှုလျက်ရှိသော မြင်း၏ နှာခေါင်းပေါက်များမှ အငွေ့များကိုမူ လှမ်း၍ မြင်နေရ၏။

အနည်းဆုံး ယခုလာနေသည့် လူနှစ်ဦးထဲမှ တစ်ဦးကတော့ ဤနယ်မြေဒေသအကြောင်း ကောင်းစွာ သိနေဟန်တူသည်။

mgyoe.com

mgyoe.com

သူတို့သည် လွန်ခဲ့သောနှစ်ရက်က ထင်ကျန်ရစ်ခဲ့ပြီး ယခုအချိန်တွင် ပေရေညစ်ပတ်လျက်ရှိသော ဆီးနှင်းခဲအောက်၌ နစ်မြုပ်ပျောက်ကွယ်သွားသည့် ခြေရာများကို ခံ၍ လိုက်လာနေကြခြင်း ဖြစ်ပုံရ၏။

ဤလူနှစ်ယောက် တောင်ကုန်းပေါ်ရောက်ဖို့ နောက်ထပ် နာရီဝက်ခန့်တော့ ကြာလိမ့်ဦးမည်ဟု ကျောင်းဆရာက ခန့်မှန်းသည်။ အပြင်ဘက်တွင် အေးလွန်းလှ၏။ သူသည် ဆွယ်တာအင်္ကျီ ထပ်ဝတ်ရန် ကျောင်းခန်းအတွင်းသို့ ပြန်ဝင်သည်။

သူသည် အဆမတန် အေးစက်နေသော စာသင်ခန်းအတွင်းမှ ဖြတ်လျှောက်လာသည်။ အခန်းထဲတွင် ဘာမှမရှိ ဟာလာဟင်းလင်း။ ကျောက်သင်ပုန်းကြီးပေါ်တွင်မူ လွန်ခဲ့သော သုံးရက်ကတည်းက ရောင်စုံမြေဖြူခဲများဖြင့် ရေးဆွဲထားခဲ့သည့် ပြင်သစ်နိုင်ငံ၏ မြစ်လေးသွယ်သည် လက်ရာမပျက်တည်ရှိနေဆဲ။

ယခုတွင် ရှစ်လတိတိမျှ အပြောင်းအလဲမရှိဘဲ ဆက်တိုက် မိုးခေါင်လာခဲ့ပြီး အောက်တိုဘာ လလယ်ပိုင်းရောက်သည့်အခါ ရုတ်တရက် ဆီးနှင်းများ ကျရောက်လာခဲ့၏။

ကုန်းပြင်မြင့်ထက်ရှိ ကျေးရွာများမှ ကျောင်းသူကျောင်းသား နှစ်ဆယ်ကျော်ခန့်မှာလည်း ထိုအချိန်မှ စ၍ ကျောင်းမတက်ကြတော့။

ရာသီဥတု အသင့်အတင့် ပြန်လည်ကောင်းမွန်လာပါမှသာ သူတို့လူစု ကျောင်းပြန်တက်ကြပေတော့မည်။ ကျောင်းဆရာ ဒါရူးတွင် နွေးနွေးထွေးထွေးရှိသော အခန်းတစ်ခန်းတော့ရှိ၏။

ထိုအခန်းသည် သူ့အိပ်ခန်းဖြစ်၍ စာသင်ခန်းနှင့် တစ်စပ်တည်းဖြစ်ကာ ကုန်းပြင်မြင့်၏ အရှေ့ဘက်သို့ မျက်နှာပြုထားသည်။

သူ့အိမ်ခန်းပြတင်းပေါက်မှာလည်း စာသင်ခန်းပြတင်းပေါက်များကဲ့သို့ပင် တောင်ဘက်သို့ လှည့်ထားသည်။ စာသင်ကျောင်းသည် တောင်ဘက်သို့ နိမ့်ဆင်းသွားသည့် ကုန်းစောင်းနှင့် ကီလိုမီတာ အနည်းငယ်မျှသာ ဝေးသည်။

ရာသီဥတု ကြည်လင်သာယာသည့် နေ့များတွင် သဲကန္တာရဘက်သို့ မျက်နှာမူ ဖြန့်မိုးလျက်ရှိနေသော ခရမ်းရောင် တောင်စဉ်တောင်တန်းကြီး

mgyoe.com

mgyoe.com

များကို ပြက်ပြက်ထင်ထင် မြင်နိုင်သည့် နေရာဖြစ်၏။

တစ်ကိုယ်လုံး နွေးနွေးထွေးထွေး ဖြစ်လာသည့်အခါ ဒါရူးသည် စောစောက လူနှစ်ယောက်ကို မြင်ခဲ့ရသည့် ပြတင်းပေါက်ဆီသို့ ပြန်သွားသည်။

လူနှစ်ယောက်စလုံး မြင်ကွင်းထဲ၌ မရှိကြတော့ပေ။ သူတို့သည် တောင်ကုန်းဘက်သို့ တက်နေကြပြီထင်၏။ ယမန်နေ့ညက ဆီးနှင်းများ အကျရပ်သွားသဖြင့် ကောင်းကင်ပြင်သည် သိပ်ပြီး မမှောင်တော့ပေ။

မနက်ခင်းလင်းစကတော့ ကောင်းကင်၏ အလင်းရောင်သည် မှုန်ဝါးဝါး။ အပေါ်ယံတိမ်လွှာများ ကွာကျနေချိန်တွင် အလင်းရောင်သည် ခက်ခက်ခဲခဲ လင်း၍ လင်း၍ လာနေသည်။

ယနေ့မွန်းလွဲပိုင်း နှစ်နာရီထိုးခါမှပင် နေ့သည် နေ့နှင့်တူလာသည်။ မည်သို့ပင်ဖြစ်စေ အလင်းရောင် မထိုးဖောက်နိုင်လောက်အောင် သိပ်သည်းနက်ရှိုင်းလှသော အမှောင်ထုကြားသို့ ဆီးနှင်းများ အဆက်မပြတ်ကျနေချိန်နှင့် စာသင်ခန်း၏ နှစ်ထပ်တံခါးကို တဝုန်းဝုန်း မြည်ဟည်းနေအောင် လေများ ပြင်းထန်စွာ တိုက်ခတ်နေချိန် လွန်ခဲ့သော သုံးရက်ကနှင့်စာလျှင် အခြေအနေသည် ပို၍ကောင်းပြီဖြစ်၏။

ဒါရူးသည် သူ့အခန်းတွင်းသို့ ပြန်ဝင်ကာ နာရီပေါင်းများစွာ ကြာမျှ အချိန်ဖြုန်းသည်။ တစ်ခါတစ်ရံ အဖီတဲဘက်သို့ ထွက်၍ ကြက်များကို အစာကြွေးခြင်း၊ ကျောက်မီးသွေးယူခြင်း စသည့် တောက်တိုမည်ရများကို လုပ်သည်။

ကျန်အချိန်များတွင်မူ သူ့အခန်းထဲမှ အပြင်သို့ မထွက်ချေ။ ကံအားလျော်စွာပင် မြောက်ဘက်ရှိ စာသင်ကျောင်းနှင့် အနီးဆုံးဖြစ်သော တက်ဂျစ်ရွာမှ ပစ္စည်းပို့ ထရပ်ကားသည် နှင်းမုန်တိုင်းမကျမီ နှစ်ရက်ခန့်ကတည်းက ရိက္ခာများကို လာပို့သွားခဲ့၏။ ထိုထရပ်ကားသည် လေးဆယ့်ရှစ်နာရီ အတွင်း ပြန်လိမ့်မည်ဖြစ်သည်။

သူ့အခန်းကလေးသည် ဂျုံအိတ်များဖြင့် ပြည့်လျှက်ရှိသဖြင့် နေရထိုင်ရသည်မှာ ကျပ်တည်းကျဉ်းမြောင်းလှချေသည်။ ဂျုံအိတ်များသည် ဆားပတ်လည်မှနေ၍ သူ့ကို ဝိုင်းရံထားသည့်နှယ်ရှိသည်။
mgyoe.com

mgyoe.com

ဤဂျုံအိတ်များသည် မိုးခေါင်မှုကြောင့် အစာရေစာ ငတ်မွတ်ခေါင်းပါးနေကြသူများ၏ သားသမီး ကျောင်းသူ ကျောင်းသားများကို ဝေငှပေးရန် ဖြစ်သည်။ အမှန်တော့ ဤမိသားစုအားလုံးမှာ အလွန်ဆင်းရဲကြသည်ဖြစ်ရာ အားလုံး ဒုက္ခသည်ချည်းပင်ဖြစ်သည်။ ကျောင်းဆရာ ဒါရှူးသည် နေ့စဉ်နေ့တိုင်း ကလေးများအား ဂျုံကို ရာရှင်စနစ်ဖြင့် ဝေငှပေးရ၏။

အခုလို ရာသီဥတုဆိုးဝါးသည့် နေ့များတွင်မူ ကလေးများသည် ရာရှင်ကို မရကြတော့ပေ။ ဖြစ်နိုင်သည့်အရာတစ်ခုတော့ရှိ၏။ ယနေ့မွန်းလွဲပိုင်းတွင် ကလေးများသည် ဖခင်များ သို့မဟုတ် အစ်ကိုများထဲမှ တစ်ယောက်တလေတော့ ရောက်လာနိုင်ဖွယ်ရာရှိသည်။ အကယ်၍ ရောက်လာခဲ့ပါမူ သူ့အနေဖြင့် ဂျုံကို ခွဲဝေပေးနိုင်မည်ဖြစ်၏။

တကယ်တော့ ဤကိစ္စမှာလည်း လာမည့်နှစ် စိုက်ပျိုးရာသီအထိ လုံလောက်အောင် ဝေငှပေးထားခြင်းသာဖြစ်သည်။ အခုဆိုလျှင်တော့ ပြင်သစ်နိုင်ငံမှ ဂျုံအိတ်တင်သင်္ဘောများ အများအပြား ရောက်လာနေကြပြီဖြစ်သဖြင့် အခြေအနေဆိုးကိုတော့ ကျော်လွန်လာခဲ့ပြီဖြစ်၏။

သို့သော်လည်း ဆင်းရဲခြင်းဟူသော ဒုက္ခကို မေ့ပစ်ရန်ကား မလွယ်ကူလှပေ။ အဝတ်အစား စုတ်တီးစုတ်ပြတ်နှင့် နေပူကျဲကျဲထဲတွင် ခြေဦးတည့်ရာ လေလွင့်သွားလာနေကြသည့် လူအများတို့ မေ့ပစ်ရန်မှာလည်း မလွယ်ကူလှပေ။

ထိုနည်းတူစွာပင် လစဉ်ဆက်တိုက် အပူဒဏ်ကြောင့် လောင်ကျွမ်းမည်းနက်နေသော ကုန်းပြင်မြင့်နှင့် တဖြည်းဖြည်းချင်း ခြောက်သွေ့ကွဲအက်လာနေသော မြေကိုလည်း မေ့ပစ်၍ မရ။

တိတိကျကျ ပြောရလျှင် မြေကြီးသည် ခြောက်သယောင်း လွန်းအားကြီးသဖြင့် ခြေထောက်ဖြင့် နင်းမိသည့် ကျောက်ခဲတိုင်း အမှုန့်ဖြစ်သွားသည်ချည်းဖြစ်၏။ ဤအချိန်မျိုးတွင် သိုးများသည် ထောင်လိုက်ချီ၍ သေကြသည်။

လူတချို့မှာလည်း ဟိုနေရာ သည်နေရာ၌ သေဆုံးနေလေ့ရှိရာ တစ်ခါတစ်ရံမှာလည်း ဘယ်အချိန်က သေနေမှန်း မည်သူမှ မသိလိုက်ကြချေ။

ဒါရှူးသည် ထိုဆင်းရဲခြင်းမျိုးကို သူ့ဘဝနှင့်ယှဉ်၍ စဉ်းစားမိ၏။

mgyoe.com